


# နိဗ္ဗာန်၏ အရသာ

( ၁၆ - ၁၂ - ၅၇ )

၄၂

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော တရားဒေသနာတော်များမှ ထုတ်နုတ်၍
မိုးကုတ်ဝိပဿနာယောဂီများအကျိုးငှာ ဖြန့်ဝေပါသည်။

# မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၏
# အမှာစာ

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ၊ မိုးကုတ်ဆရာတော်ဘုရားကြီးဟောကြားတော်မူသော ဤတရားတော်အစမှာပင် . .

"ဗုဒ္ဓဘာသာ၊ မြန်မာလူမျိုးတိုင်းသည် နိဗ္ဗာန်ကို
သိထားဖို့အရေးကြီးသည်"

ဟု ဟောကြားတော်မူထားရာ၊ တရားစခန်းဝင် ယောဂီတိုင်း၊ သိရှိရန် လိုအပ်သည်နှင့်အညီ၊ မိုးကုတ်ယောဂီများအတွက် "နိဗ္ဗာန်၏အရသာ" တရားတော်ကို ပုံနှိပ်ထုတ်ဝေရခြင်းဖြစ်ပါသည်။

မိုးကုတ်ဆရာတော်ဘုရားသည် နိဗ္ဗာန်နှင့်ပတ်သက်၍ နည်းမျိုးစုံဖြင့် တရားတော်အများအပြား ဟောကြားတော်မူထားရာတွင် မိလိန္ဒမင်းကြီးနှင့် ရှင်နာဂသိန်မထေရ်မြတ်တို့၏ အမေးအဖြေ တရားတော်အများဆုံးပါဝင်ခဲ့ပါသည်။

သို့ရာတွင် ဤတရားတော်သည် ထူးခြားလှပါသည်။ အခြားအခြားသော နိဗ္ဗာန်တရားတော်များကဲ့သို့မဟုတ်ပါ၊ သစ္စာအနက် တစ်ဆယ့်ခြောက်ချက်၊ နိရောဓသစ္စာထဲမှ ဝိဝေကဋ္ဌော၏အနက် အဓိပ္ပါယ်ကို နားလည်အောင် ရှင်းလင်း

ဖော်ပြရင်း နိဗ္ဗာန်အကြောင်း ဘုရားဟောတရားတော်များကိုသာ ဟောကြားတော်မူသည်။

အထူးသဖြင့် တပည့်ဒကာ ဒကာမများ ဗဟုသုတဖြစ်စေရန်၊ မိမိသိရှိသော နိဗ္ဗာန်တရားတော်များကို ထည့်သွင်းဖော်ပြပြီး၊ အမေးအဖြေနည်းဖြင့် ဟောကြားတော်မူထားသဖြင့် အလွန်လေးနက်ပါသည်။ အနှစ်သာရ ရှိလှပါသည်။ အသိဉာဏ်ကြွယ်ဝစေပါသည်။

"မသွားဖူးတဲ့၊ မစားဖူးတဲ့၊ ပုဂ္ဂိုလ်က မကြိုက်ဘူးပြောတာကို အမှန်မယူနဲ့" ဟု မိန့်ဆိုတော်မူထားသည်။

တရားတော်တွင် နိဗ္ဗာန်သည် အထည်ကိုယ်မရှိကြောင်းနှင့် ဖြစ်ပျက်ရှိသော ရုပ်နာမ်မရှိကြောင်းကို နည်းလမ်းအသွယ်သွယ်ဖြင့် နားလည်အောင် ဟောကြားထားသည်။

ဆရာတော်ဘုရားက နိဗ္ဗာန်သည် ရုပ်နာမ်မရှိသော်လည်း "ရုပ်လား၊ နာမ်လားလို့မေးရင်၊ နာမ်ဓမ္မလို့ဖြေ"ဟု တိတိကျကျအဖြေ ပေးထားပြီး၊ ဖြစ်ပျက်ရှိသော နာမ်ဓမ္မမျိုးမဟုတ်၊ ခိုင်မြဲသော နာမ်ဓမ္မဖြစ်ကြောင်း အကြောင်းအကျိုးစုံလင်စွာဖြင့် ရှင်းပြထားသည်။

နာမ်ဓမ္မဟု ဟောကြားရာတွင် နိဗ္ဗာန်ရောက်ကြောင်းအားထုတ်သော၊ ပုဂ္ဂိုလ်တို့၏ ကျက်စားရာဌာန၊ နိဗ္ဗာန်ရောက်

ကြောင်း ဓမ္မတို့၏ တည်ရာဌာန၊ သူ့ဆီကိုလာပြီး အကုန်ဦးတိုက်ကြရတယ်ဟု ဟောကြားဖွင့်ဆိုထားသည်။

ထပ်မံ၍ဆရာတော်ဘုရားက ကျုပ်တို့ဆီမှာ ရှိတာက အာရုံရှိရာပြေးတတ်တဲ့နာမ်၊ နိဗ္ဗာန်ကတော့ ငါ့ဆီလာညွတ်ကြဆိုတဲ့ ညွတ်အပ်တဲ့နာမ်ဓမ္မဟု ဒကာဒ ကာမများအားဗဟုသုတအလို့ငှာ ချီးမြှင့်တော်မူထားသည်။

ဤတရားတော်တွင် နိဗ္ဗာန်၏အနှစ်သာရကို . . .

နိဗ္ဗာန်သည် ချမ်းသာခြင်း လက္ခဏာရှိသည်။

နိဗ္ဗာန်သည်ငြိမ်းအေးခြင်းလက္ခဏာရှိသည်။

နိဗ္ဗာန်သည် စိတ်နှလုံးကို ရွှင်ပြုံးစေခြင်းလက္ခဏာရှိ သည်။ ဟု မိန့်ဆိုထားပြီး တစ်ခုချင်း၏ အကျယ်ကို ဟောကြားတော်မူထားပါသည်။

သို့ဖြစ်၍ ဤတရားတော်ကို အခေါက်ခေါက် အခါခါ ဖတ်ပြီး မိုးကုတ်ဆရာတော်ဘုရားကြီး အမိန့်ရှိခဲ့သည့်အတိုင်း နိဗ္ဗာန်ကိုသိအောင်လုပ်ကြပါ၊ နားလည်အောင်ပွားများကြပါ၊ ရောက်အောင်ကျင့်ကြပါလို့ အဖွဲ့ချုပ်အနေနှင့် မိုးကုတ်ယောဂီတိုင်းအား တိုက်တွန်းနှိုးဆော်အပ်ပါသည်။

သူတော်ကောင်းတရား ကျင့်ကြံအားထုတ်နိုင်ကြပါစေ-

၂၃-၃-၉၈ အမှုဆောင်အဖွဲ့.

ထုတ်ဝေသူ။ ဦးအောင်ချို၊ (မြ - ၀၈၃၁)
မိုးကုတ်ဝိပဿနာ တရားစဉ်နှင့်
လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ်-၈၂၊ နတ်မောက်လမ်း၊
ရန်ကုန်မြို့။
ပုံနှိပ်သူ ဦးဝင်းအောင် (မြ - ၀၅၁၃၁)
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် -၈၄/၈၆၊ ၅၀-လမ်း၊
(၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်
ရန်ကုန်ဖုန်း - ၂၉၈၆၇၄

မိုးကုတ်ယောဂီများအတွက် ထုတ်ဝေပါသည်။

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော

# "နိဗ္ဗာန်၏ အရသာ"

(၁၆၊ ၁၂၊ ၅၇)

ဒကာ - ဒကာမတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုးတိုင်းဟာ နိဗ္ဗာန်ကို သိထား အရေးကြီးတယ်၊ နိဗ္ဗာန်ကို ရမ်းပြီးသိချင်သူနဲ့ တကယ်သိချင်သူ မတူသေးဘူး၊ နိဗ္ဗာန်ကို သိပြီးမှ ရချင်သူနဲ့ မသိဘဲနဲ့ ရော်ရမ်းမှန်းဆပြီး ရချင်သူတွေ ကွာခြားချက်တွေရှိတယ်။

ဒါကြောင့် ဒကာ ဒကာမတို့ကို သိအောင်လုပ်ဖို့ ဆရာဘုန်းကြီးက တိုက်တွန်းလိုက်ပါတယ်၊ ပြောသံကြားနိဗ္ဗာန်ကို လိုချင်တာဟာ အဟုတ်လိုချင်လို့မဟုတ်ဘဲ၊ ထုံးစံအတိုင်း ရချင်လို့ တချို့ဗုဒ္ဓဘာသာဖြစ်လင့်ကစား သဘောပေါက်အောင် မသိဒီလိုသေသေချာချာ ဂဃနဏမသိတော့ ဘာကြောင့် နိဗ္ဗာန်ရောက်ချင်မှန်းမသိဘူး၊ လျှာတုန်း၊ တန်းတုန်းတော့ နိဗ္ဗာန်

ရောက်ရပါစေလို့ အသံထွက်သော်လည်း၊ စိတ်ထဲကမပါတပါ။ စီစစ်လိုက်တော့ နိဗ္ဗာန်ရဲ့ အရသာကို မသိတဲ့အတွက်ဘဲ။

ဒါကြောင့် မင်းတို့သိဖို့အရေးကြီးတယ်၊ ဝိဝေကဌာ၊ နှောင့်ယှက်ခြင်းမှ ဆိတ်ကင်းရာသည် နိဗ္ဗာန်မည်၏။

နိဗ္ဗာန်သဘောတရားဟာ အနှောင့်အယှက်ဘာမှ မရှိတာ၊ ပင်ကိုယ်သဘောက ကြည်လင်အေးမြပြီး မည်သူကမျှ မနှောင့်ယှက်တဲ့နေရာတမျိုးကို နိဗ္ဗာန်။ ဒီနိဗ္ဗာန်အကြောင်း ပြောမယ့်ကြရင် နှောင့်ယှက်မှုကိုသိမှ၊ သဘောကျမယ်။

ဒကာ ဒကာမတို့ နေကြထိုင်ကြရတာ အနှောင့်အယှက်နဲ့ အမြဲဒွန်တွဲလျက်အေးချမ်းတယ်လို့ မရှိဘူး။ ဒီလိုအနှောင့်အယှက်မကင်းတာတွေ မြင်မှ အနှောင့်အယှက်ကင်းတဲ့နိဗ္ဗာန်ကို သဘောကျကြလိမ့်မယ်။ ဘာတွေ နှောင့်ယှက်သလဲဆိုရင် ယခု ဆရာဘုန်ကြီးထံ နိဗ္ဗာန်ရောက်ကြောင်းတရား ဆူး ပူ စိုက်စိုက်လာ၍ တရားနာပါသော်လည်း ဒကာဒကာမတို့ရဲ့ ခန္ဓာကိုယ်ကြီးဟာ ဟိုဘက်ပြောင်းလိုက်၊ ဒီဘက်ပြောင်းလိုက်၊ ကြာကြာဖိထိုင်ထားက ထုံကျင်ကိုက်ခဲလာကြတာတွေဟာ အနှောင့်အယှက်မကင်းလို့ပေါ့။

ဒီခန္ဓာကိုယ်ကြီးဟာ ဘယ်လိုထားလို့မှ ကြာရှည်မရ၊ ဘာကြောင့်မရသလဲဆိုရင် အနှောင့်အယှက်တွေများလို့ဟု ဆုံးဖြတ်ချက်ချပါ၊ တော်တော်ကြာအပူကနှောင့်ယှက်လိုက်၊ အအေးက နှောင့်ယှက်လိုက်၊ ကျင်ကြီးကျင်ငယ်တွေက နှောင့်ယှက်လိုက်၊ ဝမ်းထဲလေတွေက နှောင့်ယှက်လိုက်၊ အပြင်ဘက်က ဆိုရင်လဲ မှက်၊ ခြင်၊ ယင် အစရှိတဲ့ ရန်တွေက နှောင့်ယှက်လိုက်နဲ့ အငြိမ်ကို မနေရဘူး။

ဒီလိုအနှောင့်အယှက် ကင်းတဲ့ဆီကို သွားဖို့ရာအတွက် ဝိပဿနာတရားအားထုတ်ပြန်ရင်လဲ လိုရင်းပန်းတိုင်ကို သိမှ စိတ်အားပြင်းပြမယ်၊ နှောင့်ယှက်ခြင်းကင်းတာ သိထားမှ နိဗ္ဗာန်ကို သဘောကျမယ်။

ဒီတော့ အခုပြောရမှာက နိရောဓသစ္စာကိုပဲ ပြန်ပြောရလိမ့်မယ်၊ နိရောဓသစ္စာထဲမှာ နိဿရဏဋ္ဌဆိုတာ ဝဋ်သုံးပါးမှ ထွက်မြောက်ကြောင်း ဟောပြီးပြီ၊ ဝိဝေကဋ္ဌော အဓိပ္ပါယ်ကို ယနေ့ ပြောရမယ်။

ဝိဝေကဋ္ဌော အဓိပ္ပါယ်မှာ နိဗ္ဗာန်သည် ဝိဝေကဋ္ဌရှိတယ် မြန်မာလိုတော့ ဆိတ်ငြိမ်ခြင်းသဘောရှိတယ်လို့မှတ်ရမယ်။ **နိဗ္ဗာန်သည်ဘယ်သဘောရှိသတုံး . . . လို့ မေးလို့ရှိယင်**

ဆိတ်ငြိမ်ခြင်းသဘောရှိတယ်လို့ ဒကာ ဒကာမတွေက မှတ်ထား ရမယ်၊ ဆိတ်ငြိမ်တာက ဘာဆိတ်ငြိမ်သလဲလို့မေးလို့ရှိရင်ဖြင့် ရုပ်နာမ်ဆိုတာသည် ဒကာ ဒကာမတို့ ခဏခဏဖြစ်ပျက်နေတဲ့ အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တတရား၊ ဉာဏ်မျက်လုံးပါတဲ့ ပုဂ္ဂိုလ်မှာ ဘယ်အချိန်ကြည့်လိုက်ကြည့်လိုက်၊ ဉာဏ်မျက်လုံးထဲ မှာ ရှုပ်ယှက်ခတ်နေတာပဲ၊ ဉာဏ်မျက်လုံးထဲမှာ ဘာဖြစ်နေသတုံး (ရှုပ်ယှက်ခတ်နေပါတယ်ဘုရား) အဲ နိဗ္ဗာန်ဆိုတာက အဲသည်လို ရှုပ်ယှက်ခတ်တဲ့သဘောတော့ မရှိဘူး။ ဉာဏ်မျက်လုံးနဲ့ ကြည့် လိုက်တဲ့အခါ ရှင်းပြီးသကာလနေတော့တာပဲ။

ဒါကြောင့် နိဗ္ဗာန်သည် သစ္စာအနက် တစ်ဆယ့်ခြောက် ချက်မှာ ဝိဝေကဋ္ဌေဆိုတာ ယနေ့ရောက်လာတော့ နှောင့်ယှက် ခြင်း၊ ရှုပ်ယှက်ခတ်ခြင်းမှ ဆိတ်ငြိမ်ခြင်းသဘောရှိတယ်၊ သြော် နိဗ္ဗာန်ဆိုတာ ဒို့တကယ်လို့မြင်ရလို့ရှိရင်ဖြင့် ရှုပ်ယှက်ခတ်မရှိဘဲနဲ့၊ ဆိတ်ငြိမ်အေးချမ်းပြီးသကာလ နေတဲ့နေရာကိုမြင်ရမှာပါကလား လို့ ဒကာ ဒကာမတွေ မှတ်ရမယ်။

ဝိပဿနာရှုတဲ့အဆုံးကြတော့ကို ရှုပ်ယှက်ခတ်နေတာမှ လွတ်ပြီးသကာလ သြော်-ဒီနေရာမှသာလျှင် ရှုပ်ယှက်ခတ် ချုပ် ငြိမ်း၍ ရုပ်သိမ်းပြီးသကာလ ငြိမ်းအေးနေတဲ့သဘော၊ ငြိမ်သက်

နေတဲ့သဘောပါလား၊ ဒီနေရာကို အာရုံပြုသောအားဖြင့် ရောက်မှ ကိုယ်တိုင်ရောက်ဆိုတဲ့၊ ဒီအရောက်နှစ်ခု၊ ကြုံရ ဆုံရမယ် ဆိုရင်ဖြင့် ဘာအနှောင့်အယှက်မှ မရှိပါလားလို့ ကိုယ့်ဉာဏ်ထဲမှာ ကိုယ်မြင်လာတာ . . . (မှန်ပါ့ဘုရား)။

ကိုယ့်ဉာဏ်နဲ့ကိုယ်မြင်လာပြီဆိုရင် ရုပ်ယှက်ခတ်တာတွေ ချုပ်ငြိမ်းရုပ်သိမ်းပြီး ကိလေသာအနှောင့်အယှက်တွေမှ ကင်းဝေး၊ ကံအနှောက်အယှက်တွေမှကင်းဝေး၊ နို့မို့လို့ရှိရင်ဖြင့် ကံဘေးကိုကြောက်နေရသေးတယ်၊ ဒကာ ဒကာမတွေက မကောင်းတဲ့ကံက ဝင်နှောင့်ယှက်လိုက်လို့ရှိရင် ဖြုံးကနဲ ချောက်ကျအုံးမှာလားဆိုတာ ပူဆွေးရအုံးမယ်။

သူက နိဗ္ဗာန်ဆိုတာ ဒကာ ဒကာမတွေ ဉာဏ်ထဲမှာ မြင်လို့ရှိရင် နှောင့်ယှက်ခြင်းမှ ဆိတ်ကင်းတဲ့သဘောပဲ၊ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။ ဘာပါလိမ့် . . . (နှောင့်ယှက်ခြင်းမှ ဆိတ်ကင်းတဲ့သဘောပါဘုရား)။ ကိလေသာတည်းဟူသော အနှောင့်အယှက်၊ ကံတည်းဟူသော အနှောင့်အယှက်၊ အကျိုးပေးတည်းဟူသော အနှောင့်အယှက်၊ ဒါတွေမှ အကုန်ကင်းဆိတ်ပြီး သကာလနေပါလိမ့်မယ်။

ဒါဖြင့် နိဗ္ဗာန်ကို သွားရတော့မယ်လို့ ဝိဝေကဋ္ဌ၊ သဘော နဲ့ ဟောရတော့မယ်ဆိုလို့ရှိရင် အလုပ်ပြအုံးမှ ခင်ဗျားတို့ ရှင်းမယ်၊ အလုပ်ပြလိုက်တဲ့အခါကျတော့ ညြော် . . နှောင့်ယှက် ခြင်းမှ ဆိတ်ကင်းတဲ့သဘောဟာ နိဗ္ဗာန်ပါလား။

## နိဗ္ဗာန်ရောက်ကြောင်းကျင့်စဉ်

ကဲ ဒါဖြင့် နိဗ္ဗာန်ရောက်ကြောင်းတရားလေးကို ရှေးဦး စွာ ကျင့်စဉ်ကလေးအရင်ပြတော့မယ်၊ (မှန်လှပါဘုရား)။ နိဗ္ဗာန် ရောက်ကြောင်း အရင်ပြတော့မှ နှောင့်ယှက်ခြင်းမှ ဆိတ်ကင်း တာပေါ်လာလိမ့်မယ်။ ဘုန်းကြီးက ဒကာ ဒကာမတွေကို ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မနုပဿနာဆိုတာ အနုပဿနာသုံးပါးနဲ့ နိဗ္ဗာန်အရောက် ပို့နေတယ်လို့မှတ်ကြပါ (မှန်ပါ့ဘုရား)။

အဲဒီတော့ . . . သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာ ဒေနာ၊ ဝေဒနာဘယ်နှစ်မျိုးရှိသတုံး . . . (သုံးမျိုးပါဘုရား)၊ သုံးမျိုးရှိတယ်မှတ်ထားပါ။ ဒကာ ဒကာမတွေ သုခဝေဒနာဆိုတာ သုခ - ချမ်းသာတာလေးသက်သက်ပဲ၊ ကိုယ်ပေါ်မှာ ချမ်းသာ တယ်၊ စိတ်ထဲမှာ ချမ်းသာတယ်၊ ဒါ - ဘာဝေဒနာပါလိမ့် . . (သုခဝေဒနာပါဘုရား)။

ဒုက္ခဝေဒနာက ကိုယ်ပေါ်မှာ နာကျင်ကိုက်ခဲဆင်းရဲတယ်၊ စိတ်ထဲ၊ ဒေါမနဿဖြစ်တယ်၊ အဲဒါဘာဝေဒနာလဲ . . . (ဒုက္ခဝေဒနာပါဘုရား)။ ဥပေက္ခာဝေဒနာက၊ မျက်လုံး၊ နား၊ နှာခေါင်း၊ လျှာမှလည်း၊ မြင်ကာမျှမတ္တ၊ ကြားကာမျှမတ္တ၊ နံကာမျှမတ္တ၊ လျက်ကာမျှမတ္တ၊ စိတ်ထဲမှာလဲ အင်းအာရုံပြုကာမျှ မတ္တလေးကို ဥပေက္ခာဝေဒနာလို့ဆိုသည်။

ကောင်းပြီ ဒီဝေဒနာတွေဖြစ်တဲ့အခါကျတော့ ဒကာဒကာမတွေမှတ်စရာက ဝေဒနာသည် သူနဲ့ဖြစ်ဖော်ဖြစ်ဖက်နှင့်တကွ၊ တွဲဖြစ်တယ်ဆိုသဖြင့် သင်္ခါရိုဟ်သမားများမှာ အဖျင်းဆုံးသူနဲ့ဖြစ်ဖော်ဖြစ်ဖက်၊ ခြောက်ခုရှိလိမ့်မယ်ဆိုတာ မှတ်ရမယ် (မှန်ပါ့ဘုရား)။ ခြောက်ခုရှိတယ် မှတ်လိုက်တော့၊ ဝေဒနာချန်လှပ်ပြီး ကျန်တဲ့ငါးခုက စေတသိက်၊ ငါးခုက ဓမ္မာနုပဿနာဖြစ်ရမယ် (မှန်ပါ့) ဝေဒနာနဲ့ သဟဇာတဖြစ်နေတဲ့စိတ်က စိတ္တာနုပဿနာဖြစ်ရမယ်။

ဒါဖြင့် . . . **ဝေဒနာရှုရင်၊ ဝေဒနာနုပဿနာ၊ ဓမ္မာနုပဿနာ၊ စိတ္တာနုပဿနာ၊ သုံးခုပါတယ်လို့** ဒကာ ဒကာမတွေ စာသမား၊ အလုပ်သမားများမှာ ဦးထွန်းဦး၊ ဒါမှတ်ထားရမယ်။ မမှတ်ထိုက်ဘူးလား . . . (မှတ်ထိုက်ပါတယ်ဘုရား)။ ခွဲလို့ရရဲ့

လား . . . (မရပါဘုရား) မရတော့ သတိပဋ္ဌာန်လေးပါးမှာ သုံးပါးတပြိုင်နက်ပြီးတဲ့တရားဟာ ဝေဒနာနုပဿနာပဲလို့ မှတ်ရမှာပေါ့ဗျာ . . . (မှန်ပါ့ဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာလို့ ခန္ဓာကိုယ်မှာ ဝေဒနာက္ခန္ဓာလို့ ဘုရားက ဟောတာ၊ သုခဝေဒနာပေါ်တဲ့အခါ ကျန်ဝေဒနာနှစ်ပါး မရှိဘူးလို့မှတ်ထားရမယ်။ ဒုက္ခဝေဒနာပေါ်တဲ့အခါ ကျန်ဝေဒနာနှစ်ပါးမရှိဘူး၊ ဥပေက္ခာ ဝေဒနာပေါ်တဲ့အခါ ကျန်ဝေဒနာ နှစ်ပါးမရှိဘူး။

ဩော် ဒါဖြင့် ဝေဒနာက္ခန္ဓာတော့ ဝေဒနာက္ခန္ဓာပဲ၊ ဒီဝေဒနာသုံးမျိုးဟာ အလှည့်ကျနဲ့ အမြဲ ဒကာ ဒကာမတွေ သန္တာန်၌ ကိန်းအောင်းနေတာပဲ ဆိုတာတော့ မှတ်ထားပေါ့ (မှန်ပါ့ဘုရား)။

ဝေဒနာဘယ်အချိန်ကင်းသတုံး လို့မေးရင် ဘယ်နှယ်ဖြေမတုံး (ဘယ်အချိန်မှ မကင်းပါဘုရား)။ ကောင်းပြီ၊ ဝေဒနာ သုံးခု၊ တစ်ခုခုကတော့ရှိတယ်လို့ ဒကာ ဒကာမတွေ မှတ်ထားပါ။ သဘောကျပြီလား (ကျပါပြီဘုရား)။

ဒါဖြင့် ဒီဝေဒနာကို ရှုရတော့မယ်ဆိုတော့၊ အဲ. . .

ဝေဒနာရှုခိုင်းပြောသော်လည်း ဒကာ ဒကာမတို့ ဝေဒနာ၏ အသက်တမ်းကို သိနိုင်ဖို့ အရေးကြီးတယ်လို့ မှတ်ထားရမယ် (မှန်ပါ့ဘုရား)။

ဝေဒနာ၏ အသက်တမ်းဟာ ဒကာ ဒကာမတို့ စိတ္တ ယမိုက်အလိုပြောရမယ်ဆိုရင် တစ်နဲ့နှစ်ပဲ အဖြစ်နဲ့အပျက်ပဲရှိ တယ်လို့မှတ်ထားရမယ် ... (မှန်ပါ့)။ သုခဝေဒနာ၏ သက်တမ်းသည် တစ်နဲ့နှစ်ပဲရှိတယ် (မှန်ပါ့ဘုရား)၊ တစ်မှာ ဖြစ် တယ်၊ နှစ်မှာပျက်တယ်။

ဒကာ ဒကာမတို့ ခင်ဗျားတို့ ခန္ဓာပေါ်မှာပေါ်တဲ့ အသက်တမ်းသည် တစ်နဲ့နှစ်ပဲ ... (မှန်ပါ့)။ တစ်မှာ ဘာတုံး (ဖြစ်ပါတယ်)။ နှစ်မှာ ... (ပျက်ပါတယ်ဘုရား)။ သြော်... ဖြစ်ပျက်ပဲရှိတယ်၊ ရှင်းပြီးလား ... (ရှင်းပါပြီဘုရား)။ ယားတာ တွေပေါ်လာရင်၊ ယားတဲ့နေရာလေးစိုက်ကြည့်၊ တော်တော်ကြာ ယားတာလေးက၊ ဖြစ်ပြီးပျက်သွားတာပဲ၊ မရှိတော့ဘူး၊ မရှိတော့ ဘူးလို့ မသိပေဘူးလား...(သိပါတယ်ဘုရား)။

အဲဒီတော့ ဒကာ ဒကာမတို့ မရှိတာသည် အနိစ္စလို့ မှတ်ထား၊ သိတာသည် မဂ္ဂလို့မှတ်ထား၊ မရှိတာဘာပါလိမ့် ... (အနိစ္စပါဘုရား) သိတာက ...(မဂ္ဂပါဘုရား)။

ဩော်. . . ဒါဖြင့် ဒကာ ဒကာမတို့ မရှိတာ အနိစ္စ၊ သိတာကမဂ္ဂဆိုတာလေး၊ ရှေးဦးစွာ မှတ်ထားတော့ . . . ဝေဒနာရှုဆိုတာက ဒကာ ဒကာမတွေ နာမည်တတ်လိုက်တာပါ (မှန်ပါ့)။ ရှုရမှာက အနိစ္စရှုရမှာ၊ ဝေဒနာရှုလို့ဆိုတာက၊ ဘယ်သူသေသတုံး . . . လို့ မေးတဲ့အခါကြလို့ရှိရင်ဖြင့် နာမည်လေး ထုတ်ဖော်ပြောမှသာလျှင် သေတဲ့ဝတ္ထုထင်ရှားတယ်။

ဒါကြောင့် "**ဝေဒနာရှုလို့ဆိုတာ၊ ဝေဒနာရှုခိုင်းတာ မဟုတ်ဘူး၊ ဖြစ်ပျက်ကိုအရှုခိုင်းတာ**" သဘောကျပြီလား. . . (ကျပါပြီဘုရား)။ ဘာအရှုခိုင်းတာတုံး . . . (ဖြစ်ပျက်အရှုခိုင်းတာပါဘုရား)။

ဖြစ်ပျက်ကို အရှုခိုင်းတယ်လို့ ဘုန်းကြီးတို့ ဒကာ ဒကာမတွေကမှတ်ထားတော့၊ ဝေဒနာနုပဿနာဆိုပေမဲ့လဲ၊ ဖြစ်ပျက်ရှုရတာကို ဦးချစ်ခဏ့်ဖို့က မှတ်ထားကြ . . . (မှန်ပါ့) ဘယ်နှယ့်ကြောင့် ဝေဒနာနုပဿနာဆိုပြီး အရှင်ဘုရားကဖြစ်ပျက် ရှုခိုင်းရသတုံး . . . လို့ မေးခွန်းထုတ်လို့ရှိရင်ဖြင့် ရှင်းသထက်ရှင်းအောင် ယနေ့ ဒကာ ဒကာမတွေ ပြောပြမယ်နော်။

ရှင်းသထက်ရှင်းအောင် ပြောပြမယ်ဆိုတော့ ဥပမာ-သုခဝေဒနာဆိုတော့ ချမ်းသာတာ ကိုယ်ပေါ်မှာ ပေါ်တယ်ထား

လိုက်ပါတော့ ကိုယ်ပေါ်မှာပေါ်တဲ့ဝေဒနာပဲ မှတ်လိုက်ပါတော့၊ အင်းကိုယ်ပေါ်မှာပေါ်နေတုံး ဝမ်းထဲမှာ ရှုတဲ့စိတ်က မပေါ်နိုင်ဘူး။ ဒါက ကာယဒွါရ ဒါကမနောဒွါရ . . . (တင်ပါ့)။

သုခဝေဒနာက ဘာဒွါရမှာပေါ်တာတုံး . . . (ကာယဒွါရမှာပါဘုရား)။ ကာယဒွါရဆိုရင် မသိဘဲနေမှာစိုးလို့၊ ကိုယ်ပေါ်မှာပေါ်တယ်။ ရှုရတာက ဉာဏ်ထဲက ဝမ်းထဲကနေပြီး ဟဒယ ဝတ္ထုပေါ်ကနေ ရှုရတော့၊ သူရှိတုံးကို ရှုတဲ့ဉာဏ်ပေါ်သလား၊ သူမရှိမှ ရှုတဲ့ဉာဏ်ပေါ်သလားဆိုတာတွေးကြည့်ကြစမ်းပါ၊ (သူမရှိမှ ရှုတဲ့ဉာဏ်ပေါ်ပါတယ်ဘုရား)။ သူမရှိမှ ဉာဏ်ပေါ်တယ်ဆိုသဖြင့် ဩော် . . . ဒါကြောင့်မရှိတာ အရှုခိုင်းတာ၊ ဘာ အရှုခိုင်းတာတုံး . . . (မရှိတာအရှုခိုင်းတာပါဘုရား)။

ဩော် . . . ဒါဖြင့် **မရှိတာ အနိစ္စ၊ မရှိမှန်းသိတာက - မဂ္ဂ၊ ဒါမှတ်ထားပါ။** မရှိတာကဘာတဲ့ . . . (အနိစ္စပါဘုရား)၊ မရှိမှန်းသိတာက (မဂ္ဂပါဘုရား)။ ဩော် ဒါဖြင့် ဒကာ ဒကာမတို့ မရှိတာက အနိစ္စ၊ မရှိမှန်းသိတာက မဂ္ဂ ဆိုတော့ မရှိတဲ့အချိန်မှ ဒီကရှုရသည် ဖြစ်လေသောကြောင့် ဝေဒနာတွေ့သလား၊ မရှိတာတွေ့သလားလို့ထောက်ကြည့် . . . (မရှိတာတွေ့ပါတယ်ဘုရား)။

ဒါဖြင့် ဝေဒနာနုပဿနာဆိုတာ၊ သက်သက်ဆိုင်းဘုတ်

ဆွဲထားတာပဲ၊ . . . (မှန်ပါ့) အနိစ္စရှုခိုင်းတာပဲ၊ ဖြစ်ပြီးပျက်သွားတာ၊ အနိစ္စရှုခိုင်းတာပဲဆိုတာ ကျေနပ်ပြီလား. . . (ကျေနပ်ပါတယ်ဘုရား)။

ဒီကနေ ဒကာဒကာမတို့ . . . ဒါဘာဟောချင်လို့တုံးဆိုတော့၊ ဝိဝေကဌာကို ဟောချင်လို့ ဒီဥစ္စာစတာ. . . (မှန်ပါ့ဘုရား)။ ဝိဝေကဌာ နှောင့်ယှက်ခြင်းမှ ဆိတ်ကင်းတဲ့သဘောသည်လည်းကောင်း၊ ဒီနေ့ပေးရမှာက နှောင့်ယှက်တာတွေပြရအုံးမယ်။ နှောင့်ယှက်တာတွေပြတော့မှ သူက ဒီဆိတ်ကင်းတာတွေပေါ်လာမယ် . . . (မှန်ပါ့ဘုရား) နှောင့်ယှက်တာမရှိတော့၊ ဆိတ်သုဉ်း ကင်းရှင်းသွားပြီ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)

ဒါဖြင့် ဝိပဿနာရှုတာသည် ဒကာဒကာမတို့ နှောင့်ယှက်တာ အရှုခိုင်းတာလို့ မှတ်လိုက် . . . (တင်ပါဘုရား)။ ဝိပဿနာအရှုခိုင်းတာ ဘာပါလိမ့် . . . (နှောင့်ယှက်တာ အရှုခိုင်းတာပါဘုရား)။ ဟုတ်သားပဲ၊ ဘယ်အချိန်ပဲ၊ ဘုန်းကြီးကဉာဏ်ပေးပြီး အရှုခိုင်းခိုင်း ခင်ဗျားတို့ ဉာဏ်မှာဖြင့် ဟိုနေရာကြည့်လိုက်လဲ ဖြစ်ပျက်သွားတာတွေ့တာပဲ၊ ဒီနေရာကြည့်လိုက်လဲ . . . (ဖြစ်ပျက်သွားတာ တွေ့ရမှာပါဘုရား)။ ကြည့်ချင်တဲ့

ဆိုကြည့်၊ ဘာတွေ့မလဲ. . . (ဖြစ်ပျက်တွေ့မှာပါဘုရား)။

ဒါဖြင့် ဉာဏ်ထဲမှာ အမြဲတမ်း ဖြစ်ပျက်တည်းဟူသော အနှောင့်အယှက်တွေ ဉာဏ်နဲ့ အမြဲမြင်မနေဘူးလား၊ (မြင်ရပါတယ်ဘုရား)၊ ဒါဖြင့် ဒါနှောင့်ယှက်ခြင်းကင်းတယ်လို့ ဆိုမလား၊ မကင်းဘူးလို့ ဆိုကြမလား. . . (မကင်းဘူးလို့ ဆိုရမှာပါဘုရား)။ မကင်းသေးဘူး၊ မကင်းသေးတော့ ဒီအလုပ်သည် လုံ့လဗျာပါရ စိုက်ရတဲ့အလုပ် သဘောကျပြီလား (ကျပါတယ်ဘုရား)။

လုံ့လဗျာပါရ စိုက်ရတဲ့အလုပ် ဆိုလို့ရှင်ရင် ခင်ဗျားတို့ မသိမှာစိုးတဲ့အတွက် သမ္မာသက်ပ္ပဆိုတာ ကြံရတယ်၊ သမ္မာဒိဋ္ဌိ ဆိုတာ မြင်ရတယ်။ ကြံရတယ်၊ သိရတယ်ဆိုတော့ ကြံတဲ့အလုပ် ဟာလဲ အားစိုက်တဲ့အလုပ်ဆိုရင် လွဲပါ့မလား . . . (မလွဲပါဘူး)။

ဒါဖြင့် ဒီဉစ္စာသည် ကိုယ်၏အဖြစ်အပျက်ကို အာရုံ၏ အဖြစ်အပျက်ကို၊ အမြဲကြည့်ပြီးနေရတော့ သတိကလဲ ထားလိုက် ရတဲ့ဖြစ်ခြင်း၊ မပြောပါနဲ့တော့။ ဝီရိယကလဲ စိုက်လိုက်ရတဲ့ဖြစ် ခြင်း မပြောပါနဲ့တော့ ဖြစ်ပျက်မြင်အောင် (မှန်ပါ့)။ မဟုတ်ဘူး လား . . . (ဟုတ်ပါတယ်ဘုရာ)၊ သမာဓိကလဲ တည်ကြည်ရတဲ့ ဖြစ်ခြင်း ဘယ်မှမရွေ့ရအောင် ဖြစ်ပျက်ဆီချည်းတည့်နေရ

အောင်၊ အမြဲတမ်းဂရုမစိုက်ရဘူးလား ... (စိုက်ရပါတယ်ဘုရား)။ ဒါဖြင့် ဒီဥစ္စာအားစိုက်နေရတဲ့အလုပ်။ ဒီကဖြစ်ပျက်ကို ဒီကအား စိုက်ရတယ်၊ သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒီတော့ ဒီပုဂ္ဂိုလ်ဟာ ပင်ပန်းသလား၊ ဆင်းရဲသလားဆိုတာ ခင်ဗျားတို့ကိုမေးကြည့်ရင် (ပင်ပန်းပါတယ်ဘုရား)။

ဩော်. . . ခင်ဗျားတို့ **"နိဗ္ဗာန်ရောက်ဖို့ရာ အလုပ်သည်ကားလို့ဆိုလို့ရှိရင် ပင်ပန်းခံမှ ရောက်တယ်"** ... (မှန်ပါဘုရား)။ ပင်ပန်းမခံခဲ့သော် မရောက်ပါဘူး၊ ဒါဖြင့် နိဗ္ဗာန်ရောက်တော့ ဒီလိုပင်ပန်းနေအုံးမှာလားလို့ မေးခွန်းထုတ်ရလိမ့်မယ်၊ ဩော်. . . မပင်ပန်းပါဘူးလို့ . . . ကိုထွန်းဦး ဖြေရလိမ့်မယ် ... (မှန်ပါဘုရား)။ မဖြေထိုက်ပေဘူးလား. . . (ဖြေထိုက်ပါတယ်ဘုရား)။

ဒါဖြင့် ဒီနေရာမှာ အခု အလုပ်လုပ်နေရတာဖြင့် ရှုပ်ယှက်ခတ်နေတာပဲ၊ (မှန်ပါဘုရား)။ နိဗ္ဗာန်ရောက်သွားတဲ့ ပုဂ္ဂိုလ်ကျတော့ ရှုပ်ယှက်ခတ်တာမြင်ရသလားတဲ့၊ ငြိမ်းချမ်းတာမြင်ရသလား ... (ငြိမ်းချမ်းတာမြင်ရပါတယ်ဘုရား)။

ဒါဖြင့် နှောင့်ယှက်ခြင်းမှ ဆိတ်သုဉ်းခြင်းမှ ကင်းတဲ့ နိဗ္ဗာန်ကိုပြချင်လို့ရှိရင် ရှုပ်ယှက်ခတ်တာကစပြရမယ်. . . (မှန်ပါ)

ဒါမှရှင်းတာသိမယ်၊ သဘောကျပလား. . . (ကျပါပြီဘုရား)။ ရုပ်ယှက်ခတ်တာပြမှသာလျှင် ဘာသိမလဲ ဒကာ ဒကာမတို့ (ရှင်းတာသိမယ်ဘုရား)။

အမှိုက်ပုံကြီး အိမ်ဝင်းထဲမှာ ဟိုနေရာအစအန၊ ဒီနေရာအစအန၊ အမှိုက်တွေက ရုပ်ယှက်ခတ်နေတာကို မနက်မိုးလင်းရင် မြင်ရတယ် . . . (မှန်ပါ့ဘုရား)။ ဒါတွေကို မြူနီစီပါယ်က လာပြီးသကာလ၊ ကြုံးပြီးရှင်းသွားတဲ့အခါကျလို့ရှိရင်ဖြင့် ရှင်းသွားပြီဆိုတဲ့ စကားသည် ဘယ်ကလာသတုံးလို့မေးလို့ရှိယင်ဖြင့် ရှုပ်ရာကလာတာမဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။ ကြုံးသွားပြီဆိုတဲ့စကားဘယ်ကလာတာတုံး. . . (ရှုပ်ရာကလာတာပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ **သုံးဆယ့်တစ်ဘုံ၊ အရှုပ်ကို တကယ်မုန်းလို့ရှဲ့တဲ့ပုဂ္ဂိုလ်မှ အရှင်းရောက်တယ်**. . . (တင်ပါ့ဘုရား)။ အရှုပ်တွေထဲမှာပဲ ပျော်ပိုက်နေသေးတယ်ဆိုတာ မွေ့စိတ်ပေါက်လို့ဘဲ၊ တိရစ္ဆာန်စိတ်ပေါက်လို့ဘဲလို့ မဆိုနိုင်ဘူးလား၊ (ဆိုနိုင်ပါတယ်)။

ကောင်းပြီ ဒါဖြင့် နိဗ္ဗာန်ဆိုတာသည် ဘယ်အသွားပါလိမ့်မလဲလို့ မေးခွန်းထုတ်လို့ရှိယင်ဖြင့် **ရုပ်ယှက်ခတ်ခြင်းမှ ရှင်း**

လင်းတဲ့နေရာကို နိဗ္ဗာန်လို့ဆိုတယ်။ ဒါလေးသေသေချာချာ မှတ်ထား၊ ဒကာ ဒကာမတို့ ရုပ်ယုက်ခတ်ခြင်းမှ ရှင်းလင်းတဲ့ နေရာကို နိဗ္ဗာန်လို့မှတ်ထားရမယ် အားလုံးရှင်းသွားတာပဲ။

ကိုင်း ဒကာ ဒကာမတို့ ဝိပဿနာလုပ်တာတောင်မှ ဖြစ်ပျက်တွေ၊ ဖြစ်ပျက်တွေဟာ ဉာဏ်အောက်မှာ ဦးချစ်ခ၊ ရုပ်နေ တာပဲ . . . (တင်ပါ့) **ဝိပဿနာလုပ်နေတာဟာ ရုပ်ယှက်ခတ် တာကို ကြည့်ခိုင်းနေတာ** . . . (တင်ပါ့)၊ ရုပ်ယှက်ခတ်တာတွေ မကြည့်ချင်တော့ပါဘူး၊ ရုပ်ယှက်ခတ်တာတွေဟာ ဒုက္ခအကြည့် ခိုင်းနေတာပဲဆိုရင် ရှင်းပြီလား၊ မရှင်ဘူးလား . . . (ရှင်းပါတယ် ဘုရား)။

ရှင်းသွားတဲ့အခါကျလို့ရှိရင် ဩော် . . နိဗ္ဗာန်ဆိုတာ အရှင်းဓါတ်၊ အလင်းဓါတ် သဘာကျကြပလား . . . (ကျပါပြီ ဘုရား)။ နိဗ္ဗာန်ဆိုတာ ဘာဓါတ်ပါလိမ့် . . . (အရှင်းဓါတ်၊ အလင်းဓါတ်ပါဘုရား)၊ အရှင်းဓါတ်၊ အလင်းဓါတ်ဆိုတဲ့ ဉစ္စာ သည် ဒကာ ဒကာမတို့ သေသေချာချာ မှတ်ထားတော့ ရုပ်ယှက် ခတ်တာ၊ မသိတဲ့နဲ့ ရှင်းတယ်လင်းတယ်ဆိုတဲ့ ဒုတိယစကားသည် ဦးဘကြည် မတွက်ဆနိုင်ပါဘူး. . . (မှန်ပါ့ဘုရား) အရှုပ်မြင်မှ ဘာတုံး. . . (အရှင်းပါဘုရား) အဲဒါက အရှင်းကို ဟိုဟာက

အရှုပ်ကို ဆိုတာ ခင်ဗျားတို့ ချိန်ဆနိုင်တယ်၊ သဘောကျပလား (ကျပါပြီဘုရား)။

အခု ခင်ဗျားတို့ ဒကာ ဒကာမတွေ ဘုန်းကြီးဟောရမှာ ဖြင့် ခင်ဗျားတို့ ရှုပ်ထားတာတွေ ခင်ဗျားတို့ကလဲ ရှုပ်ထားမှန်းက မသိ . . . (မှန်ပါ့ဘုရား)၊ မသိတော့ ခင်ဗျားတို့ ရှုပ်ထားတာကို အရင်ပြောရမယ်၊ သဘောကျပလား (တင်ပါ့ဘုရား)၊ ခင်ဗျားတို့ ရှုပ်ထားတာတွေကို အရင်ပြောရလိမ့်မယ်၊ နိဗ္ဗာန်ဆိုတဲ့ သဘော က ခင်ဗျားတို့ ရှုပ်ထားတဲ့ အရှုပ်မျိုးမရှိဘူးဆိုတဲ့ ဥစ္စာ ရှင်းလင်း တာကို ဖော်ပြရမယ်။

ဒါကြောင့် ဝိပဿနာဉာဏ်ကစနေတယ်၊ ဦးချစ်ခ မှတ်ရ မယ်၊ အခုဘာကစနေတုံး . . . (ဝိပဿနာဉာဏ်ကစပါတယ် ဘုရား)၊ ဝိပဿနာကစတော့ အရှုပ်တွေတော ဝေဒနာတွေပေါ် ကြမှာပဲ။

ကိုင်းဒါဖြင့် ဒကာ ဒကာမတို့ သုခဝေဒနာ အကြည့်ခိုင်း တာလား ဖြစ်ပျက်အကြည့်ခိုင်းတာလား . . . (ဖြစ်ပျက်အကြည့် ခိုင်းတာပါဘုရား)၊ သုခဝေဒနာဆိုတော့ပေါ်တာက သုခဝေဒနာ အမှန်ပါပဲ၊ ကြည့်တဲ့အချိန်မှာတော့ သုခဝေဒနာမတွေ့ဘူး၊ ရှင်းကြရဲ့လား. . . (ရှင်းပါတယ်ဘုရား)၊ ပေါ်တာက ဘာပေါ်

တာတုံး . . . (သုခဝေဒနာပါ) အကြောင်းတိုက်ဆိုင်တော့ သုခဝေဒနာပေါ်တယ်၊ ကြည့်တော့ သုခဝေဒနာတွေ့သလား၊ အနိစ္စတွေ့သလား . . . (အနိစ္စတွေ့ပါတယ်ဘုရား) ဖြစ်ပြီးမရှိတာတွေ့တယ်. . . (မှန်ပါ့ဘုရား) ဘာတွေတွေ့ကြပါလိမ့်. . . (ဖြစ်ပြီးမရှိတာတွေ့ပါတယ်ဘုရား)။

ဖြစ်ပြီးမရှိတာတွေ့တော့ ဖြစ်ပြီးမရှိတာကို"ဟုတွာအဘာ. ဝေဒ္ဒေနအနိစ္စံ"လို့ ပြောဆိုကြတဲ့အတိုင်း အဲ အနိစ္စတွေ့တာပဲ၊ သဘောကျပလား . . . (မှန်ပါ့) အနိစ္စဆိုတာ ဘာတုံးဆိုတော့ မြန်မာလိုပြောကြတော့၊ အခုမွေး အခုသေတာကို ပြတာသဘောကျပြီလား . . . (မှန်ပါ့)။

အဲဒီတော့ ဒါသည် ခန္ဓာကိုယ်ထဲမှာ ကြည့်လိုက်တော့ဝေဒနာတွေဟာ အခုမွေး အခုသေတွေချည်း ကိုထွန်းဦးတို့၊ ဦးဘကြည်တို့ မတွေ့ရဘူးလား. . . (တွေ့ရပါတယ်) အဲဒီတော့ဉာဏ်ထဲ ဘယ့်နှယ်နေတုံး . . . (ရှုပ်နေတယ်ဘုရား)၊ ရှုပ်နေတာ ဘယ်လိုကြည့်လိုက်၊ ကြည့်လိုက် ဒါမျိုးချည်းတွေ့နေမယ်(မှန်ပါ့ဘုရား)။

ဝိပဿနာအပါးဝလာတော့ ဝိပဿနာဉာဏ် စိပ်လေလေ ဖြစ်ပျက် အရှုပ်အထွေးတွေက များလေလေ၊ မလာဘူး

လား. . . (လာပါတယ်ဘုရား) အဲဒါသည် ဒကာ ဒကာမတို့ ဒါရှုပ်နေတဲ့သဘောကိုပြတာပဲ၊ နိဗ္ဗာန်သာ ဒီလိုရှုပ်နေလို့ရှိရင် ဖြင့် ဒကာ ဒကာမတို့ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်း ဆိုတဲ့ လောကီအပြောမျိုးရှိနိုင်ပါ့မလား. . . (မရှိနိုင်ပါဘုရား)၊ ဒါဖြင့် နိဗ္ဗာန်သည်ကားဆိုလို့ရှိရင် ဤကဲ့သို့ အဖြစ်အပျက်မရှိဘူး လို့ မှတ်ရလိမ့်မယ်. . . (မှန်ပါ့ဘုရား)။

နိဗ္ဗာန်သည် ဖြစ်ပျက်ရှိပါသလား . . . (မရှိပါဘုရား)။

ဖြစ်ပျက်မရှိတော့ဘာရှိမှာတုံးလို့မေးရလိမ့်မယ်၊ ဒကာ ဒကာမတို့ ဖြစ်ပျက်ဆိုတာ အရှုပ်တော်ပုံလို့မှတ်ထားရမယ်၊ ဖြစ်ပျက်ဟာဘာပါလိမ့်၊ (အရှုပ်တော်ပုံပါဘုရား) အရှုပ်တော်ပုံပဲ၊ ခန္ဓာကိုယ်စိုက်ကြည့်ပါ။

ဒကာ ဒကာမတို့ သုံးဆယ့်တစ်ဘုံကို စိုက်ကြည့်လိုက်၊ မွေးလိုက်၊ သေလိုက်၊ မွေးလိုက်၊ သေလိုက်မရှိဘူးလား . . . (ရှိပါတယ်ဘုရား) မိမိခန္ဓာကိုယ်ကို ဉာဏ်မျက်လုံး၊ မှန်ပြောင်းနဲ့ လှည့်ကြည့်လိုက်ပြန်တော့လဲ ဘာတွေတွေ့မယ်ထင်တုံး. . . (ဖြစ်ပျက်တွေ့မယ်ဘုရား)၊ ဖြစ်ပျက်ချည်းလှည့်နေမယ်ဆိုတာ၊ ဦးဘကြည်တို့ စဉ်းစားကြည့်ကြပေါ့၊ ဒို့ခိုင်းတာအရှုပ်တွေ အကြည့်ခိုင်းတာ မလာပေဘူးလား (လာပါတယ်ဘုရား)။

ကောင်းပြီ ဒါဖြင့် ရှုပ်တာအကြည့်ခိုင်းတာသည် ဒကာ ဒကာမတို့ ဘာကြောင့် ဘုရားက ဒီဉာဏ်စဉ် အတက်ခိုင်းရပါ လိမ့်မတုံးလို့ မေးခွန်းထုတ်ခဲ့သည်ရှိသော် ရှုပ်တာသိမှ မင်းတို့ရှင်းတာကြိုက်မယ်၊ ရှင်းတာကြိုက်တဲ့စိတ် အမှန်ပေါ်မယ်ဆိုပြီး ရှေးဦးစွာ ရှုပ်တာပြရတယ်၊ ရှင်းပြီလား ... (မှန်ပါဘုရား) ရှုပ်တာ ဘယ့်နှယ့်ကြောင့် ပြရပါလိမ့်. . . (ရှင်းတာကိုသိအောင် လို့ပါဘုရား)။

ဒီခန္ဓာကြီးဟာ ခိုင်တယ်၊ မြဲတယ်၊ တည်တံ့တယ်လို့ ထင်နေတော့ ရှုပ်တာတွေတွေ့သေးရဲ့လား ... (မတွေ့ပါ ဘုရား)၊ မတွေ့တော့ ခင်ဗျားတို့ ဒီအရှုပ်မှမသိတဲ့ပုဂ္ဂိုလ်ဟာ အရှင်း နိဗ္ဗာန်ကို ဘယ်လိုအာရုံပြုမလဲ . . . (မပြုနိုင်ပါဘုရား) ကြိုက်လဲ မကြိုက်နိုင်၊ အာရုံလဲမပြုနိုင်၊ ဒါဖြင့် နိဗ္ဗာန်ဆိုတာ ဘယ်သူမှ အိပ်မက် မမက်ဖူးဘူး၊ ယုံပြီလား ... (ယုံပါပြီ ဘုရား)။

နိဗ္ဗာန်ကို ဒကာ ဒကာမတို့ အိပ်မက် မက်ဖူးကြရဲ့လား (မမက်ဖူးပါဘုရား) ဒါဖြင့် နိဗ္ဗာန်သည် အိပ်မက်မှ မမက်ဖူးဘူး ဆိုတာ မသေချာဘူးလား ... (သေချာပါတယ်) အဲဒီတော့ နိဗ္ဗာန်ကို မဆိုထားပါနဲ့၊ ကိုယ်ရှုပ်နေတဲ့ အရှုပ်တောင်မှ ရှုပ်တယ်

လို သိတဲ့ဉာဏ်ပေါ် ဖူးရဲ့လားလို့မေးအုံး။ ခန္ဓာထဲဘာတွေရှုပ်နေလဲ (ဖြစ်ပျက်ပါဘုရား)။ ကိုယ့်ခန္ဓာ၊ ရုပ်ဘက်က ဖြစ်ပျက်ကော ရပ်စဲရဲ့လား (မရပ်စဲပါဘုရား)။ နာမ်ဘက်က ဖြစ်ပျက်ကကော (မရပ်စဲပါဘုရား)၊ မရပ်စဲတော့ အဲဒီရှုပ်ယှက်ခတ်တာကို ခင်ဗျားတို့ကလဲ မမြင်ဘူး . . . (မှန်ပါ့ဘုရား)။ ဟို - အရှင်းဆိုတဲ့ နိဗ္ဗာန်အသာထားစမ်းပါအုံး၊ ကိုထွန်းဦးရာ ရှုပ်ယှက်ခတ်တာကို ဘယ့်နှယ်နေတုံး . . . (မမြင်ပါဘုရား)။

ဒါဖြင့် ဘာအမြင်ပြမှ နိဗ္ဗာန်ရှင်းမတဲ့တုံး . . . (ရှုပ်ယှက်ခတ်တာပြမှပါဘုရား)။ ရှုပ်ယှက်ခတ်တာပြမှ ရှင်းတာကို၊ ခင်ဗျားတို့ မြင်ရတော့မယ် (မှန်ပါ့ဘုရား)၊ ရှုပ်ယှက်ခတ်တာကို မြင်ရတဲ့ အခါကျလို့ရှိရင်၊ ရှုပ်ယှက်ခတ်တာကော၊ မကြိုက်ဘူးဆိုတဲ့ မဂ်ပေါ်ရမယ်. . . မှန်ပါ့ဘုရား။

ကဲ ဒါဖြင့် အသေအချာမှတ်ပါ၊ သုခဝေဒနာရှုတော့ ဘာတွေ့ကြတုံး . . . (ဖြစ်ပျက်ပါဘုရား)၊ အဲဒါရှုတဲ့ပုဂ္ဂိုလ်မှ တွေ့မယ်နော်၊ မရှုတဲ့ပုဂ္ဂိုလ်မှာ မတွေ့ပါဘူး၊ မရှုတဲ့ ပုဂ္ဂိုလ်မှာ ရှိတာလဲ မသိဘူး၊ မရှိတာလဲ မသိဘူး၊ အဲဒီပုဂ္ဂိုလ်ကို အရူးလို့မှတ်ပါ. . (မှန်ပါ့ဘုရား)၊ မရှုတော့ ရှိမှန်းကောသိရဲ့လား (မသိပါဘုရား)၊ မရှိမှန်းကော (မသိပါဘုရား) ဒါဖြင့် ရှိ-မရှိမှမသိတဲ့ပုဂ္ဂိုလ်၊

ဦးချစ်ခတို့ ဘယ်အထဲသွင်းမှာလဲ . . . (အရှုးထဲပါဘုရား)။

အဲ အဝိဇ္ဇာ အုပ်ချုပ်နေတော့ မောဟုမ္မတ္တကဆိုတဲ့ မောဟတို့သည် ရှိတာလဲ မသိဘူး၊ မရှိတာကော . . . (မသိပါဘုရား)။ မသိတာကို ဒကာ ဒကာမတွေသည် မောဟုမ္မတ္တက ဆိုတဲ့အတိုင်း မောဟရူး၊ ရူးနေတယ်လို့ ဦးဝ ဆိုလိုက်စမ်းဗျာ၊ (မှန်ပါ့ဘုရား) ဦးခင်မောင် မဆိုထိုက်ဘူးလား . . . (ဆိုထိုက်ပါတယ်ဘုရား)။ ဘာပြုလို့တုံးလို့မေးတဲ့အခါကျတော့ သူများသန္တာန်မှာရှိတာ၊ မရှိတာ အပထား ကိုယ့်သန္တာန်မှာ ရှိ၊ မရှိ ခဏခဏ ရှိ၊ ရှိပြီး၊ ပျောက်ပျောက်သွားတာတွေ၊ ခဏခဏ မပေါ်ဘူးလား . . . (ပေါ်ပါတယ်ဘုရား)။

သူတို့တတွေ ထိုကဲ့သို့ ပေါ်ပြားသော်လည်း ဦးဘအုန်းက မသိလိုက်ဘူးလားဆိုတော့၊ ကိုကျင်တို့သည် သူတပါးသန္တာန်ကို မရှိတာ - မသိတာ ကိစ္စမရှိပါဘူး၊ (တင်ပါ့ဘုရား) ဦးချစ်ခရေ ကိုယ့်သန္တာန်မှာဖြစ်ပြီး မရှိတာလေးတွေ မသိလိုက်တော့ ဩော် ငါ အရူးထနေတဲ့အချိန်နဲ့ ကြုံလို့ပဲလို့သာ ဆုံးဖြတ်ချက်ချပါ၊ မချထိုက်ဘူးလား. . . (ချထိုက်ပါတယ်ဘုရား)။

မောဟုမ္မတ္တက ဗျ၊ မောဟဆိုတာ အရူး၊ မသိတာဟုတ်လား၊ မသိရူး-ရူးနေတဲ့အတွက် ကိုယ့်သန္တာန်မှာ ဖြစ်ပေါ်သွားတဲ့

သုခဝေဒနာလဲ မသိလိုက်၊ ဒုက္ခဝေဒနာကော . . . (မသိလိုက် ပါဘုရား)။

ဦးချစ်ခ၊ မသိလိုက်တာမဆိုးဘူးလား . . . (ဆိုးပါတယ် ဘုရား) ခင်ဗျားတို့က မသိလိုက်ပြောသော်လဲ မသိသလိုတော့ ဖြင့် အနှိပ်စက်ခံရမယ်. . . (မှန်လှပါဘုရား)။ မခံရပေဘူးလား . . (ခံရပါတယ်ဘုရား)၊ ဦးဘကြည် ခံရလိမ့်မယ် (မှန်ပါ)။ ဘယ်လိုခံရမတုံးဆိုတော့၊ ခင်ဗျားတို့က မသိလိုက်တော့ ဝေဒနာ က သူကျေးဇူးပြုစရာရှိတဲ့ဆီ ကျေးဇူးပြုသွားမယ် (တင်ပါ့ဘုရား)။

ဝေဒနာပစ္စယာတဏှာ . . . (တင်ပါ့ဘုရား) ဒီလို ကျေးဇူးပြုသွားတယ်၊ ခင်ဗျားတို့က မသိလိုက်ဘူး၊ သူကတော့ တဏှာဖြစ်အောင် ကျေးဇူးပြုတယ်. . . (တင်ပါ့) တဏှာဖြစ်တာ လဲ မသိလိုက်ပြန်ဘူးဆိုတော့၊ တဏှာပစ္စယာ ဉပါဒါန်၊ ဉပါဒါန် ဖြစ်တာလဲမသိလိုက်ပြန်တော့ ဘဝ၊ ဘဝ ပစ္စယာဇာတိကျအောင် ခင်ဗျားတို့တော့ မသိလို့ လုပ်မိပေမယ့်လဲ၊ မသိတော့၊ မသိလိုက် မသိဘာသာနေပြောသော်လည်း၊ အပြစ်မလွတ်ဘူး. . . (မှန်ပါ့ ဘုရား)။ ဦးဘကြည် လွတ်ပါ့မလား . . . (မလွတ်ပါဘုရား)။

ဒကာ ဒကာမတွေ ဘယ်လိုဆိုကြမတုံး . . . (မလွတ်ပါ ဘုရား)။ မသိလိုက်လို့ ရှိရင်၊ အပြစ်လွတ်ပါ့မလား. . . (မလွတ်

ပါဘုရား)။ မလွတ်တာ ဘာပြုလို့တုံးဆိုတော့ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ဆိုတာက ဘုရားနဲ့မဆိုင်ဘူး၊ (မှန်ပါ)၊ နောက် ကကော ဒကာမတွေ၊ ဘုရားနဲ့ မဆိုင်ဘူး၊ သူ့သဘောအတိုင်း သူကျေးဇူးပြုတာ. . . (တင်ပါ့ဘုရား)။ ဘုရားက မပြနဲ့ဆိုလို့လဲ မရဘူး၊ ပြုပါဆိုပြီးတောင်းပန်လို့လဲမရဘူး၊ သူ့သဘောနဲ့ ဓမ္မနိယာမ သဘောဖြစ်နေတာ . . . (မှန်ပါ့ဘုရား)၊ ဦးဘအုန်း ကျေနပ်ပြီလား . . . (ကျေနပ်ပါတယ်ဘုရား)။

ဘယ်သဘောပါလိမ့် . . . (ဓမ္မနိယာမပါဘုရား)။ ဓမ္မနိယာမသဘောဆိုတော့ အဲဒီဓမ္မနိယာမကို ဘုရားပွင့်လာက တည်းက ဖျက်တယ်၊ ရှင်းပြီလား. . . (မှန်ပါ့ဘုရား)။

အဲဒီတော့ ဓမ္မနိယာမ ဖျက်တယ်ဆိုတော့ ပဋိစ္စသမုပ္ပါဒ် ဆိုတဲ့ ဥစ္စာက ဝိုင်းတတ်တယ်၊ လည်တတ်တယ် ဆိုတဲ့တရားကို ငါဘုရားပွင့်တဲ့အခါကျတော့ မင်းတို့သည် အလည်ရပ်အောင် ငါကြိုးစားပေးပါ့မယ် ဆိုပြီးသကာလ ဝိပဿနာဉာဏ်ကိုဟော တယ်၊ ရှင်းကြပြီလား . . . (ရှင်းပါပြီဘုရား)။

ဘာလုပ်ရမလဲ . . . (ဝိပဿနာဉာဏ်ပါဘုရား) ဝိပဿနာဉာဏ်လုပ်တော့ မရှိတာကဘာတုံး၊ အနိစ္စ၊ မရှိမှန် သိတာက - မဂ္ဂ။ မဂ္ဂဆိုတော့ကို ဩော် . . . ပဋိစ္စသမုပ္ပါဒ်

ပြတ်ထွက်သွားပြီ၊ ပြတ်ကဲ့လား . . . ဦးဘအုန်း . . . (ပြတ်ပါတယ်ဘုရား)။

ဘယ်နေရာက စပြတ်သွားပါလိမ့်၊ တဏှာနိရောဓေ တဏှာမလာဘဲနဲ့ ပြတ်တယ်၊ မဂ်ကဖြတ်လိုက်တာ၊ ဒကာ ဒကာမတွေ ဘယ်သူကဖြတ်လိုက်တယ်. . . (မဂ်က ဖြတ်တယ်ဘုရား)၊ မဂ်ကဖြတ်လိုက်တော့ တဏှာလာသေးရဲ့လား၊ (မလာပါဘုရား)။ တဏှာက ကျေးဇူးပြုမှပေါ်မဲ့ ဥပါဒါန်ဆိုတာ၊ တဏှာမပေါ်ရလို့ပဲ၊ ချုပ်ငြိမ်းတယ် . . . (တင်ပါဘုရား)။ ဟိုဘက်ဘဝတွေဆိုတာ လာနိုင်သေးရဲ့လား . . . (မလာနိုင်ပါဘုရား)။

## "မွေးတာနဲ့သေတာအကြည့်ခိုင်းတာ"

ဝေဒနာလေးမွေးလိုက်၊ ဝေဒနာလေး သေလိုက်၊ အဲဒါကို ဘုန်းကြီးက အကြည့်ခိုင်းနေတော့ ဉာဏ်မျက်လုံးထဲမှာ၊ ဩော် . . . ဒို့အကြည့်ခိုင်းတာသည် ဘာများအကြည့်ခိုင်းတာတုံး. . . အသေရှုပ်ယှက်ခတ်နေတာ အကြည့်ခိုင်းတာ။ ဘာအကြည့်ခိုင်းတာတုံး. . . (အသေရှုပ်ယှက်ခတ်နေတာပါဘုရား) ရိပ်မိကြပလား . . . (ရိပ်မိပါပြီဘုရား)။

ဝိပဿနာရှုဆိုတာ၊ ဒကာ ဒကာမတို့ အသေရှုပ်ယှက်

ခတ်နေတာ အထပ်ထပ် အသေတွေရှုပ်ယှက်ခတ်နေတာကို၊ အရှုခိုင်းတာ၊ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)၊ ကြည့်ဖြစ်အောင်ကြည့်စမ်းပါ။

ဒီကနေ့တရားမှာ ခင်ဗျားတို့ ဝိဝေကဌာဟောဖို့ရာ ဝိဝေကဌကို ဒီကစပြီး မဟောလို့ရှိရင် ဆိတ်ငြိမ်တာကို မပြနိုင်မှာကြောင့် မဆိတ်ငြိမ်တာကိုအရင်ပြရတယ်. . . (တင်ပါ့ဘုရား)။ မနေ့ကတရားနဲ့တခြားစီနော်. . . (မှန်ပါ့ဘုရား)၊ မဆိတ်ငြိမ်တာပြနေတယ်. . . (တင်ပါ့ဘုရား)၊ မဆိတ်ငြိမ်တာဆိုတော့ သုခဝေဒနာ ကြည့်လိုက်ပြန်ရော ရှုပ်ယှက်ခတ်သေနေတာပဲ။ ဒုက္ခဝေဒနာလေးပေါ်လို့ ကြည့်လိုက်ပြန်ရော ရှုပ်ယှက်ခတ်သေနေတာပဲ။

ဒုက္ခဝေဒနာလဲ တစ်ခုတည်းသေတာမဟုတ်ဘူး၊ သူနဲ့သဟဇာတတွေပါရောသေကြတာ. . . (မှန်ပါ့ဘုရား)၊ ရှုပ်ယှက်ခတ်မနေဘူးလား . . . (တင်ပါ့ဘုရား)၊ ကောင်းပြီ၊ ဥပေက္ခာဝေဒနာကြည့်လိုက်စမ်းပါ၊ ဦးဘကြည်ရာ၊ ဘယ်လိုနေတုံး. . . (ရှုပ်ယှက်ခတ်နေတာပါဘုရား)။

## ယထာဘူတဉာဏ်၊ နိဗ္ဗိန္ဒဉာဏ်

ဩော် . . . ရုပ်ယှက်ခတ်သေပြန်တဲ့အခါကျတော့၊ သေတာတွေမြင်၊ မွေးတာတွေမြင်၊ ဒါတွေချည်းမြင်နေတော့ ခင်ဗျားတို့ ဉာဏ်သည်ပင်လျှင် ပြောင်းနေတယ် မပြောင်းပေဘူးလား . . . (ပြောင်းပါတယ်ဘုရား)။

ဒီရုပ်ယှက်ခတ်တာချည်း ကြည့်နေရတာဖြင့်ကွာ ကြည့်ကိုမကြည့်ချင်ဘူးလို့ ပြောင်းမလား၊ မပြောင်းဘူးလား (ပြောင်းမှာပါဘုရား) ကြည့်ကိုမကြည့်ချင်တော့ဘူးဆိုတော့၊ သူတို့ရှိလျက်သားနဲ့ကို၊ မကြည့်ချင်ပဲ မနေရပဲနဲ့ ကြည့်နေရတော့ မကြည့်ချင်မြင်လျက်သားဆိုတဲ့အတိုင်း မုန်းလျက်နဲ့ ပေကြည့်နေရတယ်၊ သဘောကြပြီလား . . . (ကျပါပြီဘုရား)။

အဲဒီတော့ ခုနက ရုပ်ယှက်ခတ်မြင်တာက ယထာဘူတဉာဏ် ရုပ်ယှက်ခတ်တာတွေ မကြည့်ချင်ပဲနဲ့ ပေကြည့်နေရတာကတော့ ဘာတုံး၊ နိဗ္ဗိန္ဒဉာဏ်၊ ရှင်းပြီလား . . . (ရှင်းပါတယ်ဘုရား)။

ရုပ်ယှက်ခတ်တာတွေ၊ ရုပ်ယှက်ခတ်တယ်လို့ သိနေတဲ့ဉာဏ်က၊ ဘာဉာဏ်တုံး . . . (ယထာဘူတဉာဏ်)၊ ယထာဘူတဉာဏ်က မဂ္ဂင်ငါးပါး၊ ရုပ်ယှက်ခတ်တာကို ကြည့်နေကြဖြစ်နေ

တော့၊ တစ်ကိုယ်လုံး ဉာဏ်နဲ့ စိုက်ကြည့်လိုက်တော့ ဖြစ်ပျက်နဲ့ ဉာဏ်ဟာ ခွဲလို့ မရတော့ဘူး။

ထိုကဲ့သို့ ဖြစ်ပျက်နဲ့ ဉာဏ်နဲ့ ခွဲလို့မရတော့၊ ဒကာ ဒကာမတွေက သြော် . . . ဒီဝင်္ဘယ်တော့ ကျွတ်ပါ့မတုံး ဆိုတာတွေဟာ လာမလား၊ မလာဘူးလား . . . (လာပါတယ် ဘုရား)။ ဒါ - ဝိပဿနာအလုပ်သမားမှလာမယ်နော် . . . (မှန်ပါ့ဘုရား)။ ဒါစာပြောရှိပါသေးတယ် . . . (မှန်ပါ့ဘုရား)။

ဦးချစ်ခ ရှုပ်ယှက်ခတ်တာလဲမြင်ရပြီ၊ ရှုပ်ယှက်ခတ်တာတွေက မျက်စိဝိညာဏ်အောက်ကိုပဲ ရောက်နေတော့ ဦးဘကြည်တို့ ကိုထွန်းဦးတို့ လွဲလို့ကိုမရဘူး . . . (မှန်ပါ့ဘုရား)၊ ရသေးရဲ့လား . . . (မရပါဘုရား)၊ လွဲလို့မရတဲ့ဉာဏ်၊ ဘာဉာဏ်ခေါ်ကြမတုံး . . . (နိဗ္ဗိန္ဒဉာဏ်)။

ကိုင်း . . . ဒါဖြင့် ရှုပ်ယှက်ခတ်တာတွေကို မကြည့်ချင်ပဲနဲ့ ကြည့်နေရတော့ ရွံမုန်းလျက်နဲ့ပေကြည့်နေရတယ်၊ သဘောကျပြီလား . . . (မှန်ပါ့ဘုရား)။ ရွံမုန်းလျက်နဲ့ ပေကြည့်နေရတာလဲ မိမိ နဂိုကမိမိခန္ဓာပေါ့ဗျာ . . . (မှန်ပါ့ ဘုရား) အခုတော့ဖြင့် မိမိခန္ဓာဘာဆိုရတယ်၊ ရှုပ်ယှက်ခတ်နေ တာရယ်၊ မုန်းစရာကြီးရယ်က မိမိခန္ဓာလို့ မိမိတို့က ထင်တော့ ထင်နေတာ၊

ထင်သာထင်ရတယ်၊ မုန်းစရာကြီးပါလားဆိုတာ၊ ဉာဏ်ပြောင်း မသွားဘူးလား၊ သွားသလား . . . (ပြောင်းသွားပါတယ် ဘုရား)။

အဲဒီလိုပြောင်းသွားတော့ နိဗ္ဗိန္ဒဉာဏ်ထိုးတက်သွား တယ်၊ နိဗ္ဗိန္ဒဉာဏ် ထိုးတက်သွားတဲ့အခါကျတော့ ဒကာ ဒကာမ တွေ ဝေဒနာသုံးပါးကို ငြီးငွေ့ပေမယ့် ဘယ်လောက်ပဲငြီးငွေ့၊ ငြီးငွေ့၊ ငြီးငွေ့တာတွေ သန်လေလေ၊ ကောင်းလေပဲကွ. . . လို့ ဘုရားကဟောတယ် . . . (မှန်လှပါဘုရား)။

ငြီးငွေ့တာ သန်လေလေ၊ ကောင်းလေပဲ၊ ငြီးငွေ့တာ သန်ရင် မလိုချင်တာမြင်မှာပဲကွ၊ လာမလား၊ မလာဘူး လား. . . (လာမှာပါဘုရား)၊ ဒီငြီးငွေ့တာသန်ရင် ဘာလာမယ်ထင် သတုံး. . . (မလိုချင်တာလာမယ်ဘုရား)၊ မလိုချင် တာမြင်မှ။

ဒါဖြင့် ငြီးငွေ့ပေမယ့်လဲ၊ ပေစိုက်ပြီး ဦးခင်မောင်တို့ ရှုပါ (တင်ပါ့ဘုရား)၊ ဒကာ ဒကာမတွေ ငြီးငွေ့ပြီးတော့ ဘာလုပ်ရ မတုံး . . . (ပေရှုရမှာပါဘုရား)။ ငြီးငွေ့ရင်းနဲ့ ပေစိုက်ပြီး သကာလ ရှုပြီဆိုမှဖြင့် မိမိခန္ဓာလို့ နဂိုက အထိမ်းအမှတ်ထားတဲ့ ဝေဒနာက္ခန္ဓာကြီး၊ ဒကာ ဒကာမတွေက ဩော်. . . ဒါကြီးဖြင့် ကံမကောင်း၊ အကြောင်းမသင့်လို့ ဘဝသံသရာက မိုက်မှု၊ မဲမှု

တွေ အပြစ်သင့်နေတဲ့ခန္ဓာကြီးလို့ ဆိုတာ၊ ကိုယ့်ဟာကိုယ် မလာပေဘူးလား . . . (လာပါတယ် ဘုရား)။

## မဂ်ဉာဏ်

ဘဝသံသရာမှာ အပြစ်ကြီး သင့်ပြီးသကာလ၊ ဝင့်ပါနေတဲ့ ဝိပါက ဒုက္ခသစ္စာပဲ၊ (တင်ပ့ါဘုရား)၊ ဝိပါက အကျိုးပေးတယ်၊ (မှန်ပ့ါ)၊ ခဏခဏ မွေး၊ ခဏခဏသေပေ့ါဗျာ၊ ဒါဘာသစ္စာဖြစ်သွားသတုံး . . . (ဝိပါကဒုက္ခသစ္စာပါဘုရား)။

အင်း ဝိပါက ဒုက္ခသစ္စာပဲလို့ သိလိုက်တဲ့အခါကျလို့ရှိရင်ဖြင့် ဒုက္ခသစ္စာဟာ၊ ဘယ်ဟာသုခပါသေးလဲလို့ပြန်တွေး၊ ဘယ်ဟာမှ သုခမပါတော့ဘူး၊ ဒုက္ခအစစ်ပဲလို့ ဆုံးဖြတ်ချက်ချတဲ့အချိန်မှာ ဖျပ်ဆို သူချုပ်သွားတယ်၊ ရှင်းကြပြီလား . . . (ရှင်းပါပြီဘုရား)။

ဒုက္ခအစစ်ပဲလို့ ဆုံးဖြတ်ချက်ချတော့ ရှေးကဖြစ်ပျက်တွေ တွေ့သေးရဲ့လား. . . (မတွေ့ပါဘုရား)၊ မတွေ့တော့ ဒီမှာဖြစ်ပျက်မရှိတာဘဲ ကျန်ရစ်တော့တယ်၊ ဘာကျန်ရစ်တုံး. . . (ဖြစ်ပျက်မရှိတာကျန်ရစ်တယ်ဘုရား)၊ ဖြစ်ပျက်မရှိတာ၊ ခုနက ကြည့်တာ ရုပ်ယုက်ခတ်သေတာတွေ၊ အခုတော့ ရုပ်ယုက်ခတ်

သေတာမရှိတော့ သေပွဲကင်းတာ ဒီနေရာကိုးလို့ လာမလား၊ မလာဘူးလား . . . (လာပါတယ်ဘုရား)။

ကိုင်း. . . ဒကာ ဒကာမတို့ ခုနက ရုပ်ယှက်ခတ်တာတွေကို၊ ဒုက္ခအစစ်ပဲလို့ သုခ-နဲနဲမှမပါ၊ ပါဘူးလို့၊ ကိစ္စဉာဏ်နဲ့ ပိုင်းဖြတ်လိုက်ပါ. . . (မှန်ပါ့ဘုရား)၊ ပိုင်းဖြတ်လိုက်သည်နှင့် တစ်ပြိုင်နက်၊ ပိုင်းခြားတဲ့ဉာဏ်နဲ့ဆိုရင်၊ မဂ္ဂင်ရှစ်ပါးပြည့်တယ် . . . (မှန်ပါ့)။ ဒကာဒကာမတို့ မဂ်ရတာအမှန်ပဲ . . . (မှန်ပါ့ဘုရား)။

ပိုင်းခြားသည်နှင့်တစ်ပြိုင်နက် သူက ဘေးရောက်ပြီး သကာလ၊ နိဗ္ဗာန်က အတည့်လာဖြစ်တယ်၊ ရှင်းပြီလား. . . (မှန်ပါ့ဘုရား)၊ ဒီဉာဏ်နဲ့ နိဗ္ဗာန်နဲ့က အတည့်၊ သူက ဘေးထွက်တယ်၊ သဘောကျပလား. . . (တင်ပါဘုရား) ဒုက္ခသစ္စာက ဘေးထွက်တယ်နော်. . . နိဗ္ဗာန်ကဘာတုံး. . . (တည့်ပါတယ်ဘုရား)။

နိဗ္ဗာန်နဲ့တည့်တော့ တည့်တဲ့နေရာ ခင်ဗျားတို့က စိုက်ကြည့်။ တည့်တဲ့နေရာ စိုက်ကြည့်တော့ အရင်လို ရုပ်ယှက်ခတ်သေးရဲ့လား၊ ရှင်းပြီးလား၊ (ရှင်းပါတယ်ဘုရား)။ နောက်က ဒကာဒကာမတွေကော. . . (ရှင်းပါတယ်ဘုရား)။

ဒါ. . . ခင်ဗျားတို့ အားထုတ်ကြည့်ပါ။ ဘုန်းကြီးပြောတဲ့ အတိုင်း ဖေါ်ရမယ်။ **ဒါဘုရား၏ အားထုတ်စဉ်၊ အရိယာအားလုံး၏ အားထုတ်စဉ်** (မှန်ပါ့ဘုရား)၊ ဒါနိဗ္ဗာန်. . .။

ဒကာဒကာမတို့ ခုနက ရုပ်ယှက်ခတ်တာတွေ ဖျတ်ခနဲ ပျောက်သွားတာ၊ ဩော်. . . မရှိတော့ဘူးလို့၊ ဒီမဂ်ဉာဏ်က မပြောပေဘူးလား. . . (ပြောပါတယ်ဘုရား)၊ ရုပ်ယှက်ခတ်တာတွေမရှိတော့ဘူးလို့၊ ပြောတာက ဘာတုံး. . . (မဂ်ဉာဏ်ပါဘုရား)။

ကိုယ့်မဂ်ဉာဏ်က ကိုယ်ရှုလို့ ခုနက ရုပ်ယှက်ခတ်တာတွေဟာ နဂိုတုံးက ရှိလာခဲ့တာကို မဂ္ဂင်သုံးပါး၊ ငါးပါးနဲ့ ကြည့်လိုက်တော့ ရုပ်ယှက်ခတ်တာတွေဟာ ဒုက္ခအစစ်ပဲ လိုချင်စရာ တစ်ကွက်မှ မရှိဘူးဆိုတော့ သူတို့က ဖယ်တယ်၊ ပျောက်ကွယ်သွားတယ်၊ သူတို့နေရာမှာ ဘယ်သူကမှ လာပြီးအစားမထိုးပဲနဲ့ ကွက်လပ်ကြီးကျန်နေတယ်. . . (မှန်ပါဘုရား)၊ ဒကာဒကာမတို့၊ ဘာကျန်နေသလဲ. . . (ကွက်လပ်ကြီး ကျန့်နေပါတယ်ဘုရား)။

ဩော် . . . နိဗ္ဗာန်ဆိုတာ နှောင့်ယှက်ခြင်းမှ ဆိတ်ကင်းတဲ့သဘော၊ ဝိဝေကဌော - နှောင့်ယှက်ခြင်းမှ ဆိတ်သုဉ်းတယ်၊ ကိလေသာ နှောင့်ယှက်ခြင်းမှ ဆိတ်ကင်းတယ်၊ ဒီဖြစ်ပျက်တွေ

က ခင်ဗျားတို့ ကိလေသာ မကုန်လို့ရှိရင် ပေါ်ကြအုံးမှာဘဲ . . . (မှန်ပါ့ဘုရား)။

ဖြစ်ပျက်ဟာ ဘယ်လိုကြောင့်ပေါ်ပေါ်နေတာတုံး . . . (ကိလေသာမကုန်လို့ပါဘုရား)၊ ကိလေသာမကုန်တဲ့ ပုဂ္ဂိုလ်မှာ ကိလေသာက အကြောင်း၊ သူကအကျိုး . . . (မှန်ပါ့ဘုရား)။

ကိလေသာကထွက်တဲ့ ကိလေသာရုပ်တွေကို အာသဝေါ၏ အာရုံတွေလို့မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား)၊ သေသေချာချာ နားထောင်နော် . . . ဒကာ ဒကာမတို့ ဒီကနေ့တော့ အထူးတလည် ရှင်းလင်းအောင်ကို ဟောနေတာ၊ အရှုပ်နဲ့အရှင်းကိုဟောနေတာ၊ မနေ့ကတော့ ဝဋ်ကျွတ်ဖို့ဟောဘာ။

ဒီကနေ့တော့ နှောင့်ယှက်ခြင်းမှ ဆိတ်ကင်းဟာကိုဟောဘာ. . . (မှန်ပါ့ဘုရား)။ ကိုင်း . . . ဒါဖြင့် ရှေးကဖြစ်ပျက်တွေဟာ ခင်ဗျားတို့စိတ်ထဲမှာ အနှောင့်အယှက်ပေးနေတဲ့တရားတွေပဲ၊ သဘောကျပလား . . . (ကျပါပြီဘုရား)၊ ဖြစ်ပျက်တွေဟာ နဂိုရှုနေတုံးက ဘာပေးနေတာတုံး . . . (အနှောင့်အယှက်ပေးနေတာဘုရား)၊ အနှောင့်အယှက်ပေးနေတော့ ဩော် . . . ဒါတွေကြည့်နေရတာ ဒုက္ခပဲ၊ ဒုက္ခအကြည့်ခိုင်းတာပဲ။

ဒီခန္ဓာကြီးဟာ အကြီးအကျယ်ဒုက္ခပဲ၊ လိုချင်စရာ ရချင်စရာ၊ တစ်ကွက်မှမရှိပါကလား၊ အားလုံးကုန်ဒုက္ခချည်းပဲ လို့ဆိုလိုက်ပါရော။ ချုပ်ပျောက်သွားတယ်၊ အဘယ့်ကြောင့် ပျောက်သတုံးလို့ မေးတော့၊ ကိလေသာပျောက်လို့ သူပျောက် တယ်၊ (မှန်လှပါဘုရား) ဟုတ်လား . . . (မှန်ပါဘုရား)။

တဏှာနိရောဓာ၊ ဒုက္ခနိရောဓော . . . (မှန်ပါဘုရား)၊ တဏှာကော မချုပ်ဘူးလား . . . (ချုပ်ပါတယ်ဘုရား)၊ ဒုက္ခ ကော (ချုပ်ပါတယ်ဘုရား)၊ ချုပ်သွားတော့၊ တဏှာနိရောဓါ၊ ဒုက္ခနိရောဓော . . ဆိုသဖြင့်၊ ဒကာ ဒကာမတို့၊ မဂ်ကနေပြီး ခွာလိုက်တော့၊ တဏှာက ချုပ်တယ်၊ တဏှာအကြောင်းချုပ် တော့၊ ဒုက္ခအကျိုးကလဲ ကျန်ရစ်ဖို့ အကြောင်းမရှိဘူး၊ ရှိသေး သလား. . . (မရှိပါဘုရား)၊ မရှိဘူးနော်။

ဒကာ ဒကာမတို့ သေသေချာချာ နားထောင်၊ ဒါဖြင့် စာအုပ်ထဲ သွားကြည့်လို့ တွေ့မှာမဟုတ်ဘူး . . . (တင်ပါ့ဘုရား) ဘယ်နည်းနဲ့မှ မတွေ့ဘူး၊ ဒီဥစ္စာက အလုပ်စဉ်မှ ရမှာ . . . (မှန်လှပါဘုရား)။ အလုပ်စဉ်ဟောတဲ့တရားမှာ ဒကာ ဒကာမ တွေ ဒီဥစ္စာတွေ တွေ့ကြုံနိုင်တယ်၊ မြင်နိုင်တယ်။

အဲဒီတော့ အခု-မဂ္ဂင်ရှစ်ပါး၊ ပေါ်တော့မှ ရှုပ်ယှက်တာ

နဲ့ ရှုပ်ယှက်ခတ်တာတွေဟာ မရှိတော့ဘူး. . .(မှန်ပါဘုရား)၊ ဘယ်သူက မြင်နေတာတုံး . . .(မင်္ဂကမြင်နေတယ်ဘုရား)၊ မဂ္ဂင်ကမြင်နေတဲ့အခါကျလို့ရှိရင်ဖြင့် နဂိုက ရှုပ်ထားတာ ဘယ်သူက ရှုပ်ထားတာတုံး၊ ဖြစ်ပျက်ကို ကိလေသာက ရှုပ်ထားတာလို့။

ကိလေသာကအကြောင်း၊ ရှုပ်ယှက်ခတ်တာကအကျိုး၊ သဘောကျပလား . . . (တင်ပါဘုရား)။ ကိလေသာက ဘာပါ လိမ့် . . . (အကြောင်းပါဘုရား)၊ ဖြစ်ပျက်ရှုပ်ယှက်ခတ်နေတာ က . . . (အကျိုးပါဘုရား)။

ကောင်းပြီ၊ အဲဒီကိလေသာဖြတ်လိုက်သည်နှင့် တစ်ပြိုက် နက် အကြောင်း "ယထာဘူတေ၊ နုပဿဝေဓမ္မေ" ဆိုတဲ့အတိုင်း ခိုင်မြဲတဲ့အကြောင်း အမြစ်ကြီးကို ဖြတ်လိုက်တဲ့အခါကျတော့ ပင်မနဲ့ တူတဲ့ ရှုပ်ယှက်ခတ်တာကြီးဟာ ပျောက်ထွက်သွားတယ်၊ သဘောကျပြီလား. . .(တင်ပါဘုရား)။

## သောတာပတ္တိမဂ်

အဲဒီတော့၊ မဂ်သည် ဘာပြုလို့မြင်ရပါလိမ့်မတုံး . . . လို့ မေးခွန်းထုတ်ရင် မဂ်ဉာဏ်က ရှင်းတာတွေ့လို့၊ ဝိပဿနာဉာဏ် ကတော့ ရှုပ်တာတွေ့လို့။

ဩော်. . . ဒါဖြင့် ဒကာ ဒကာမတို့ ဒီဉာဏ်လေးဟာ အလုပ်လုပ်တဲ့ပုဂ္ဂိုလ်များအတွက် စခန်းဘယ်နေရာမှာ သတ်မှာပါလိမ့်မတုံး၊ အလုပ်လုပ်တဲ့ပုဂ္ဂိုလ်ဆိုတာ ဖြစ်ပျက်ရှုနေတဲ့ ပုဂ္ဂိုလ် (မှန်လှပါဘုရား)။

စခန်းဘယ်နေရာမှာ သတ်ပါလိမ့်မလဲဆိုရင်၊ ရှုပ်ယှက်ခတ်မတွေ့ရင်၊ စခန်းသတ်ပြီ . . . (မှန်ပါ့ဘုရား)။

အင်း. . . ဒါသည်၊ ဒကာ ဒကာမတို့ ရှုပ်ယှက်ခတ်မရှိတာတွေ့လို့ရှိရင်ဖြင့် ဩော်. . . ဒီဥစ္စာ မဂ္ဂင်ရှစ်ပါး ဖြစ်သောကြောင့် သောတာပတ္တိမဂ်လို့ ဆုံးဖြတ်ချက်ချ၊ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ဘာမဂ်ပါလိမ့် . . . (သောတာပတ္တိမဂ်ပါဘုရား)၊ သောတာပတ္တိမဂ်ဆိုတာ မဂ္ဂင်ရှစ်ပါးကိုဆိုတာ။ သောတာပတ္တိမဂ်ဆိုတာ၊ ခင်ဗျားတို့ စိတ်ကလေးကိုဆိုတာမဟုတ်ဘူး၊ သူ့အပေါ်မှာ သဟဇာတဖြစ်တဲ့ ရှစ်ပါးကိုဆိုတာ၊ သဘောကျပြီလား. . . (ကျပါပြီဘုရား)။

ကောင်းပြီ၊ စိတ်က ကိလေသာဖြတ်တာလား၊ မဂ္ဂင်ကဖြတ်တာလား . . . (မဂ္ဂင်က ဖြတ်တယ်) စိတ်က မကင်းရာ မကင်းကြောင်းမို့ပါလာတာ. . . (မှန်ပါဘုရား)။

အဲ . . . သူက ရှစ်ပါးပြည့်တော့ ကိလေသာကို ဖြတ်လိုက်တဲ့အတွက် ရှုပ်ယှက်ခတ်တဲ့ ကိလေသာ၏အကျိုးဆက်၊ ကိလေသာရှုပ်ထားတဲ့ဖြစ်ပျက် . . . (မှန်ပါ့ဘုရား) သုံးဆယ့်တစ်ဘုံမှာကြည့် ကိလေသာရှုပ်ထားတာချည်းပဲ၊ နတ်ဖြစ်နေတော့လဲ ဖြစ်ပျက်ပဲ၊ ပြဟ္မာဖြစ်နေတော့ကော . . . (ဖြစ်ပျက်ပါဘုရား)။

ဘယ်သူရှုပ်တာလဲ . . . (ကိလေသာပါဘုရား) ကိလေသာသူ ဆုတောင်းထားတာကိုး . . . (မှန်ပါ့ဘုရား) သူက အာရုံပြုလို့ အာသဝေါနယ်က လွတ်ပါရဲ့လား . . . (မလွတ်ပါဘုရား) သုံးဆယ့်တစ်ဘုံမှာ ဘယ်သူခြယ်လှယ်နေတုံး (ကိလေသာခြယ်လှယ်ပြီးနေတာပါဘုရား)။

ကိလေသာခြယ်လှယ်ပြီးသကာလနေတော့ ကိလေသာအတိုင်း ရုပ်၊ နာမ်တွေက မပေါ်ကြဘူးလား . . . (ပေါ်ကြပါတယ်ဘုရား)၊ ပေါ်တော့ ရုပ်နာမ်တွေဟာ အမြဲနေတဲ့သဘောမျိုး ပင်ကိုယ်ကရှိရဲ့လား (မရှိပါဘုရား)၊ ဘာတွေဖြစ်နေသလဲ (ဖြစ်ပျက်ပါဘုရား) ဖြစ်ပျက်ရှိတာပဲ ဒကာ ဒကာမတို့ ရိပ်မိကြပြီလား. .. (ရိပ်မိပါတယ်ဘုရား)။

ကိုင်း. . . ဖြစ်ပျက်ချည်းရှိနေတော့ ကိလေသာမချုပ်ရင်

ဖြစ်ပျက်မချုပ်ဘူး၊ ရှင်းပြီလား (ရှင်းပါပြီဘုရား)၊ ဒါဖြင့် မင်းက ဒုက္ခသစ္စာပဲ တစ်ကိုယ်လုံးဟာ ဒုက္ခသစ္စာဖြစ်ပျက်ကြီးပဲ လိုချင်စရာ၊ ရချင်စရာ၊ တစ်ကွက်မှ မရှိပါလားလို့ မဂ်ကလဲ ဒီအသံထွက်လိုက်ပါရော လိုချင်တတ်တဲ့တရား ငုတ်နေတာတွေက ချုပ်သွားတယ်၊ ရှင်းပြီလား ... (ရှင်းပါပြီဘုရား)။ အနုသယသဘောချုပ်သွားတယ်၊ ချုပ်သွားတော့ အနုသယ၏အကျိုးဆက်ကော ... (ချုပ်သွားပါတယ်ဘုရား) ရှင်းပြီလား .. (ရှင်းပါပြီဘုရား)။

ရှင်းတော့ဘာဖြစ်သွားတုံးဆိုတော့ နိဗ္ဗာန်စခန်းက "နိဗ္ဗာနံမဂ္ဂဿ" လာဖြစ်တယ်... (မှန်ပါဘုရား)၊ ရှင်းတဲ့နိဗ္ဗာန်သည် မဂ်မဟုတ်လား ...(မဂ်ပါဘုရား)၊ ရှင်းတဲ့နိဗ္ဗာန်သည် ဘာကျေးဇူးပြုသလဲ (နိဗ္ဗာန်ချမ်းသာကျေးဇူးပြုပါတယ်ဘုရား)။

နိဗ္ဗာန - သဒ္ဒါသည် ကင်းငြိမ်းခြင်းမဂ်ကိုဟောတာ ရှင်းခြင်းမဂ်ကိုလဲဟောတာနော်၊ ဝိဝေကဌာနဲ့ ထောက်လိုက်လို့ရှိရင် နိဗ္ဗာန်ဟာ ရှင်းခြင်း၊ လင်းခြင်း ... (မှန်ပါ့ဘုရား)၊ ဘာရှင်းတာ၊ ဘာလင်း တာတုံး၊ တံမျက်စည်းလှည်းထားသလိုလားဆိုတော့ တံမျက်စည်း လှည်းတဲ့ ဥပမာသာ ပြတာပါ အဲဒါမဟုတ်ပါဘူး၊ ကိလေသာ ရှုပ်ယှက်ခတ်တာ ကြီးမရှိတာ ... (မှန်ပါဘုရား)။

ဘာ . . . မရှိတာတုံး . . . (ကိလေသာရှုပ်ယှက်ခတ် ထားတာကြီးပါဘုရား)။ ကိလေသာ ရှုပ်ယှက်ခတ်ထားတယ်ဆို ဘာ၊ ကိလေသာကအကြောင်း သူကရှုပ်ယှက်ခတ်ထားတဲ့ ရုပ်နာမ်တွေ ခဏခဏ မွေး၊ ခဏခဏသေနေတာ သူရှုပ်ယှက်ခတ်ထားတာ သဘောကြပြီလား . . . (မှန်ပါဘုရား)။

အဲဒါတွေရှိသေးရဲ့လား . . . (မရှိပါဘုရား)။ ဒါဖြင့် နိဗ္ဗာန်ဆိုတဲ့ဥစ္စာ၊ နိဗ္ဗာနသဒ္ဒါ = ငြိမ်းခြင်းလို့ဆိုတော့ ရှုပ်ယှက်ခတ်ခြင်းမှ ငြိမ်းတာ၊ ဝိဝေကဋ္ဌ - သဒ္ဒါ = ဆိတ်သုဉ်းခြင်းဆိုရင် ကိလေသာရှုပ်ယှက်ခတ်မှ ဆိတ်သုဉ်းခြင်းပေါ်ပြီလား . . . (ပေါ်ပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့ ယနေ့ဟောရတဲ့ တရားက ဘာတုံး၊ ဝိဝေကဋ္ဌော = နှောင့်ယှက်ခြင်းမှ ဆိတ်ကင်းတဲ့သဘောဟာ နိဗ္ဗာန် . . . (မှန်ပါဘုရား)။ နိဗ္ဗာန်ဆိုတာ ဘာတုံး . . . (နှောင့်ယှက်ခြင်းမှ ဆိတ်ကင်းတဲ့သဘောပါဘုရား)။

ဒါဖြင့် - ကိလေသာက နှောင့်ယှက်ထားတာပါ. . . (မှန်ပါဘုရား)။ နဂိုတုန်းက၊ သူနှောင့်ယှက်ထားတာ၊ သူ အကျိုးဆက်တွေက ဘယ်နှယ်နေသလဲ (ရှုပ်နေတယ်ဘုရား)။ မီးကလေး ရှို့ထားတာနဲ့ အခိုးတွေက ကျုပ်တို့မြို့တွေ ရွာတွေပေါ်

မှာ အကုန်လုံး အညှော်မှိုင်းတွေ တိုက်တာလို၊ မဖြစ်ပေဘူး လား . . . (ဖြစ်ပါတယ်ဘုရား)။

မီးရှို့ထားတော့ မီးခိုးတွေဟာ ပြန့်နှံ့ပြီးမနေဘူးလား ဗျာ . . . (နေပါတယ်ဘုရား)၊ ဒါမီးရှို့ထားတာလို့မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ်ဘုရား)၊ ဒီမှာ တဏှာ ရှို့ထားလိုက်တာ၊ ခန္ဓာကိုယ်ထဲ ဖြစ်ပျက်တွေချည်းဖြစ်နေတယ် . . . (မှန်ပါဘုရား) ဘယ်သူရှို့ထားတာတုံး . . . (တဏှာရှို့ထားတာပါဘုရား)။

ကိုင်း . . . တဏှာချုပ်လိုက်ရင် တဏှာကိုမဂ်က သတ်လိုက်သည်နှင့်တစ်ပြိုင်နက်၊ မီးငြိမ်းလိုက်သည်နှင့်တပြိုင်နက် မီးအခိုးဟာ ပျောက်ရတာပဲ . . . (မှန်ပါဘုရား)၊ အဲဒီတော့ ကောင်းကင်တပြင်လုံး ဘာဖြစ်သွားသလဲ (မီးခိုးပျောက်သွားပါတယ်ဘုရား) ဩော် . . . ခုမှပဲ မီးသေလို့ ရှင်းပေတော့တယ်လို့ သူကမသိဘူးလား သိသလား . . . (သိပါတယ်ဘုရား)။

ဒါဖြင့်၊ **ရှင်းတာသည် နိဗ္ဗာန်၊ အရှင်းမြင်တာသည် မဂ်ဉာဏ်**။ ရှင်းတာက နိဗ္ဗာန်၊ အရှင်းမြင်တာက မဂ်ဉာဏ်၊ ဒီလိုပွားရမယ် တော်တော်ပေါ်လာပြီ။ ဒကာ ဒကာမတို့ ဒီတရားမျိုးကတော့ ဒီလိုဟောမှပဲရမယ်၊ (တင်ပါဘုရား) ဒီလိုဟောလို့ကလဲ မလွယ်လှဘူး . . . (မှန်ပါဘုရား)။

အဲဒီတော့ ရှင်းတာက နိဗ္ဗာန်၊ ဒီကမင်္ဂဉာဏ်ဆိုတာ ဒိုက အစဉ်တက်လာမှုဖြစ်မယ်. . (တင်ပါဘုရား)။ ကိလေသာ ခြောင်းလဲကောင်းကောင်းသိမှ ရှုပ်ယှက်ခတ်တာလဲ သိအုံး . . . (မှန်ပါ့ဘုရား)။

ရှုပ်ယှက်ခတ်တာ ရှင်းတဲ့အခါ ဘယ်အချိန်ရှင်းမှာတုံး ဒိုတော့ ဒုက္ခပိုင်းခြားနိုင်တဲ့ ဉာဏ်လာမှ သူရှင်းမယ်၊ သဘောကျ လား . . . (တင်ပါဘုရား)။

အဲဒီတော့ ပဋ္ဌာန်းပါဠိတော်၌ ကြည့်ကြည့်၊ ဘယ်ပါဠိ တော်၌ကြည့်ကြည့် "နိဗ္ဗာနံ မဂ္ဂဿ" လာမှာပဲ . . . (မှန်ပါ့ ဘုရား) သူချုပ်သွားရင် ဖိုလ်လာမယ်၊ နိဗ္ဗာနံဖလဿလာမှာပဲ . . (မှန်ပါ့ဘုရား)။ အရှင်းနဲ့ချည်းလာမှာပဲ မလာပေဘူး လား . . (လာမှာပါဘုရား)။

ဒါဖြင့် ဒကာ ဒကာမတို့ နိဗ္ဗာန်ဆိုတဲ့တရားဟာ ဘယ်လို သတ္တိရှိပါလိမ့်မလဲလို့ မေးတဲ့အခါ ကိလေသာနှောင့်ယှက်ခြင်းမှ ဆိတ်ကင်းတယ်။

ဝိဝေကဋ္ဌော ပေါ်ပြီလား . . . (ပေါ်ပါပြီဘုရား)၊ ကိလေသာ နှောင့်ယှက်ခြင်းမှ ဆိတ်ကင်းတဲ့ သဘောသည် ဘာပါလိမ့် . . . (ဝိဝေကဋ္ဌောပါဘုရား) တရားကိုယ်ကောက်

လိုက်တော့ ဘာရတုံး . . . (နိဗ္ဗာန်ပါဘုရား)၊ နိဗ္ဗာန်ပဲရတယ် . . . (တင်ပါ့ဘုရား)။

ဒကာ ဒကာမတို့ နှောင့်ယှက်ခြင်းမှ ဆိတ်ကင်းတာ ဘာခေါ်ကြမတုံး . . . (နိဗ္ဗာန်ပါဘုရား)၊ နိဗ္ဗာန်ပဲ ကောင်းပြီ ဒါဖြင့် အဲဒီနိဗ္ဗာန်ကိုတော့ဖြင့် ခင်ဗျားတို့ ဘယ်အချိန်တွေ့ကြ၊ ကြုံကြရမတုံးဆိုတော့ ခုနက ဉာဏ်စဉ်တက်လာမှ တွေ့မယ်. . (မှန်ပါ) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒီအတိုင်းဆုတောင်းလို့တော့ မတွေ့ဘူး. . . (တင်ပါဘုရား)။ ဉာဏ်စဉ်တက်လာရင်တော့ဖြင့် ပြီးလိမ့်မယ်ဆိုတာ ဒကာ ဒကာမတွေ ယုံကြည်ပြီလား . . . (ယုံကြည်ပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်ဆိုတာအလုပ်နဲ့သွားရတဲ့သဘောပါလား (တင်ပါ့)၊ ကိုထွန်းဦး ဘာပါလိမ့်နိဗ္ဗာန် . . . (အလုပ်နဲ့သွားရတဲ့သဘောပါဘုရား) ပါးစပ်က ရွတ်နေတဲ့သဘောနဲ့တော့မရဘူး၊ ရပါ့မလား . . . (မရပါဘုရား)။

တချို့က အခုဘုရားရှိခိုးနေကြတယ်ဟုတ်လား၊ "အဝိဇ္ဇာတွေဝ အသေသဝိရာဂ နိရောဓာ သင်္ခါရ နိရောဓော" အဲဒါနိဗ္ဗာန်ဆိုနေတာ . . . (မှန်ပါ့ဘုရား) အလုပ်နဲ့ ဟုတ်ကဲ့လား. . .

(မဟုတ်ပါဘူး)၊ အဝိဇ္ဇာချုပ်ရင် သင်္ခါရချုပ်တယ်။ သင်္ခါရချုပ်လို့ ရှိရင် နိဗ္ဗာန်ပဲ၊ ဟုတ်လား၊ သင်္ခါရချုပ်လို့ရှိရင်လဲ ဝိညာဏ် ချုပ်တယ်ဆိုတာက နိဗ္ဗာန်ချည်းပဲ၊ တောက်လျှောက် နိဗ္ဗာန်ဗျ။ ရိပ်မိပြီလား ...(တင်ပါဘုရား)။

အဲဒီလို ရွတ်ပြီးနေတဲ့ ပုဂ္ဂိုလ်က နိဗ္ဗာန်တွေ့ပါ့မလား ... (မတွေ့ပါဘုရား)။ စားမပျောက်ရုံပဲရှိမယ် ...(မှန်ပါ့ဘုရား) နောင်လာနောက်သားများလဲ မပျောက်ရစ်နဲ့၊ ဒို့လဲ ဒီဥစ္စာထားခဲ့တယ်၊ ဒီအဓိပ္ပါယ်ရောက်တယ်။ နိဗ္ဗာန်တော့ မသိဘူး၊ ရှင်းပြီလား ... (ရှင်းပါပြီဘုရား) အလုပ်နဲ့ချည်း အစဉ်အတိုင်း တက်လာရင်တော့ တွေ့မှာပါပဲ။

ကဲဒါဖြင့် **"နိဗ္ဗာန်ဟာ မရှိတာတွေ့တယ်လို့ မယူလိုက်နဲ့နော်"** ...(မှန်ပါ့ဘုရား) အခုတော့ စားပွဲခုံပေါ်မှာ ပြရတာ မရှိတာတွေ ဖြစ်နေတယ် သဘောကျပလား... (ကျပါတယ် ဘုရား)။

နိဗ္ဗာန်သည်ကားလို့ ဆိုလို့ရှိရင် ဒုက္ခလဲ ချုပ်သွားပြီ၊ ဖြစ်ပျက်က ဒုက္ခချုပ်သွားတော့ သုခနိဗ္ဗာန်သည် သူ့အနား မတွေ့ရဘူးလား ...(တွေ့ရပါတယ်ဘုရား)။

တွေ့ရတယ်ဆိုတော့ ခင်ဗျားတို့ပဲ စဉ်းစားကြည့်ပါ။ အမှိုက်တွေ ရှုပ်နေတုံးကြည့်ရတာနဲ့ အမှိုက်ရှင်းမှ ကြည့်ရတာ ဟာ ဘယ်ဟာက ခင်ဗျားတို့ ကြည့်လို့ကောင်းသတုံးဆိုတာ မေးတော့...(ရှင်းတာကြည့်ကောင်းပါတယ် ဘုရား)၊ ရှင်းတာ

ကြည့် ကောင်းတယ်ဆိုသဖြင့် **"နိဗ္ဗာန်ဆိုတာသည် ကြည့်ကောင်းတဲ့ သဘောပဲ"** ရှင်းပြီလား. . . (ရှင်းပါပြီဘုရား)။

အခုကို ကိလေသာသေတဲ့ နိဗ္ဗာန်ကိုတော့၊ ကြည့်ကောင်းတဲ့ သဘောဘဲတွေ့မယ်. . . (မှန်ပါ့ဘုရား) **"နေကောင်းတဲ့ သဘောကတော့၊ ပရိနိဗ္ဗာန်စံမှတွေ့မယ်"** . . . (မှန်ပါ့ဘုရား) ကြည့်ကောင်းတဲ့ သဘော၊ နေကောင်းတဲ့ သဘောနှစ်မျိုးရှိပါတယ်၊ သဘောကျပြီလား။ (ကျပါပြီ)။

အခု ဝိပဿနာရှုလို့ တွေ့ရတဲ့ နိဗ္ဗာန်ကတော့ ဘာပါလိမ့် . . . (ကြည့်ကောင်းတဲ့ သဘောပါဘုရား)၊ ဘာပြုလို့ ကြည့်ကောင်းတဲ့ သဘောတွေ့ရမလဲလို့ မေးလို့ရှိရင်ဖြင့် ဒီကခန္ဓာကမှ မချုပ်သေးလို့ပဲ . . . (မှန်ပါ့ဘုရား)။ ခင်ဗျားတို့ ခန္ဓာချုပ်ပြီလား. . . (မချုပ်သေးပါဘုရား)။ မချုပ်သေးတော့ ခန္ဓာနဲ့ လှမ်းကြည့်ရတာကိုးဗျ၊ သဘောကျပြီလား . . . (ကျပါတယ်ဘုရား)။

**ခန္ဓာနဲ့ လှမ်းကြည့်ရတော့ ဘာတွေ့ပါလိမ့်** . . . (ကြည့်ကောင်းတဲ့ သဘောတွေ့ရပါတယ်ဘုရား၊) ကြည့်ကောင်းတဲ့ သဘောတွေ့ရတယ် ဆိုတာကတော့၊ နိဗ္ဗာန်မဂ္ဂသ သူက အာရမ္မဏိကကွ။ နိဗ္ဗာန်က အာရုံ-ဓါတ်ဆိုတော့ သူက ကြည့်ဓါတ်၊ ဟိုက အကြည့်ခံဓါတ် . . . (မှန်ပါ့ဘုရား)။ ဒီအတိုင်း မနေပေဘူးလား. . . (နေပါတယ်ဘုရား)

ဒါဖြင့် အကြည့်ခံရယ်၊ အကြည့်ဥာဏ်ရယ် တည့်နေတာ၊ ဘာခေါ်ကြမလဲ . . . (နိဗ္ဗာန်ပါဘုရား) နိဗ္ဗာန်နဲ့ မဂ်ဟာ တွဲနေတယ် မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဒကာဒကာမတို့ စဉ်းစားကြစမ်း၊ နိဗ္ဗာန်ဟာ ရှင်းသလား၊ ရှုပ်သလားမေးလိုက်စမ်းပါ. . . (ရှင်းပါတယ်ဘုရား)၊ အခု ဘယ်အရှိန်အစော်တွေ ရှင်းတာတုံး မေးကြည့်စမ်း. . .။ (ကိလေသာ အရှိန်အစော်ပါဘုရား)။ ကိလေသာ အရှိန်အစော်တွေ ရှင်းတယ်လို့ ဆိုရင်၊ ကိလေသာ ရှုပ်ထားတာတွေကတော့ဖြင့် သေပွဲကြီး တွေ့ရမယ်၊ မတွေ့ဘူးလား. . . (တွေ့ရပါတယ်ဘုရား)။

သေပွဲတွေ့ရတယ်၊ ငိုပွဲတွေ့ရတယ်၊ အိုပွဲတွေ့ရတယ်၊ ဟင်. . ရင်ထုပွဲတွေ့ရတယ်၊ မြေလူးပွဲ တွေ့ရတယ်။ ကိလေသာ ရှုပ် တာတွေက ဒါတွေချည်းတွေ့ရမယ် . . . (မှန်ပါ့ဘုရား)။

ဒါ ဒကာဒကာမတို့ စဉ်းစားမိပြီလား၊ ဪ် နိဗ္ဗာန်ဆိုတာ ဘယ်သဘောသတ္တိပါလိမ့်၊ နှောင့်ယှက်ခြင်းမှ ဆိတ်ကင်းတဲ့ သဘော သတ္တိရှိတယ် (မှန်လှပါဘုရား)။

ဘယ်လို နှောင့်ယှက်တာတုံး. . . မေးရင်၊ ဘယ်လိုဖြေကြမတုံး . . . (ကိလေသာ နှောင့်ယှက်တာပါဘုရား)၊ ကိလေသာ နှောင့်ယှက်ခြင်းမှ ဆိတ်ကင်းတဲ့ သဘောကို ဘာခေါ်ကြမယ် . . . (နိဗ္ဗာန်ပါဘုရား)။

ဩော် နိဗ္ဗာန်ဆိုတာသည် ကြည့်ရင်းမတွေ့နဲ့ ခင်ဗျားတို့ ရှုပ်ယှက်ခတ်နေရာမှ ရှင်းသွားတာ၊ သဘောကျပြီလား. . .၊ (ကျပါတယ် ဘုရား) ရှုပ်ယှက်ခတ်ခြင်းမှ ရှင်းသွားတာဆိုတော့ သုံးဆယ့်တစ်ဘုံမှာ အခုဉာဏ်နဲ့ ကြည့်ပါ (မှန်ပါဘုရား)။ အခု ဝိပဿနာဉာဏ်နဲ့ မှန်းကြည့်လိုက်။ သုံးဆယ့်တစ်ဘုံ လျှောက် ကြည့်၊ နတ်ပြည်ကြည့်၊ ကောင်းတယ်လို့ ဖြစ်ပြန်လဲ ရုပ်နာမ် အနိစ္စပဲ ရှိပါတယ်။

ဗြဟ္မာပြည်ကောင်းတယ်လို့ ကြည့်လိုက်ပြန်တော့ (ရုပ် နာမ် အနိစ္စပါဘုရား) ရုပ်နာမ်ဆိုတော့၊ ကျုပ်တို့ ဝိပဿနာ ဉာဏ်နဲ့ ကြည့်လိုက်ရင် သေပွဲချည်းပဲတွေ့တယ် . . . (မှန်ပါ့ ဘုရား) ဒီပြင် ဘာများတွေ့ကြသေးသလဲ။ (ဘာမျှ မတွေ့ပါ ဘုရား)။

ဘာမျှမတွေ့ဘူးဆိုတော့ ဒါက ဘယ်သူရှုပ်ထားတာတုံး မေးတော့မှ . . . (ကိလေသာရှုပ်ထားတာပါဘုရား) ဟုတ်လား၊ အဲဒီတော့ ကိလေသာချုပ်ရင် အရှင်၊ ဘယ်နှယ့်နေမတုံး (ရှင်းမှာပါဘုရား)။

ဒါဖြင့် "နိဗ္ဗာန်သည် ရှင်းခြင်း၊ လင်းခြင်း၊ လက္ခဏာ ရှိတယ်၊ . . . (တင်ပါဘုရား)။ ဘယ်လိုရှင်းခြင်းလင်းခြင်း လက္ခဏာရှိပါလိမ့်မတုံးလို့ မေးလို့ရှိရင် ဒကာဒကာမတို့ မှတ်ရ လိမ့်မယ်၊ ကိလေသာအရှိန်အဟော်၊ ကိလေသာအရှုပ်အပွေတို့မှ

လွတ်ကင်းတာပဲ၊ မဆိုနိုင်ဘူးလား (ဆိုနိုင်ပါတယ်ဘုရား) ကိလေသာ အရှုပ်အပွေတို့မှ လွတ်ကင်းတာ ဘာခေါ်ကြမလဲ. . . (နိဗ္ဗာန်ပါဘုရား)။

အဲဒီကိလေသာကလွတ်ရင် နိဗ္ဗာန်ပဲ ဘာများပြုပြင်နိုင်သတုံး . . . (မပြုပြင်နိုင်ပါဘုရား)၊ ဘာမှမပြုပြင်နိုင်တော့ အထည်ကိုယ် ရှိပါ့မလား (မရှိပါဘုရား) ကိလေသာက ရုပ်နာမ် အထည်ကိုယ်သာ လုပ်တတ်တာကိုး . . . (မှန်ပါ့ဘုရား)။

## နိဗ္ဗာန်သည်ရုပ်နာမ်ရှိသလား?

ဒါဖြင့် နိဗ္ဗာန်သည် ရုပ်နာမ်ရှိပါရဲ့လားလို့ မေးလို့ရှိရင် ဘယ် နှယ်ဖြေကြမလဲ . . . (မရှိပါဘူးဘုရား) ကောင်းပြီ၊ ကျုပ်က ဗဟုသုတရှိအောင် ခင်ဗျားတို့ ဦးဘကြည်တို့၊ ကိုထွန်းဦးတို့ကို ပေးလိုက်မယ်နော် . . . နိဗ္ဗာန်ဟာ ရုပ်နာမ်တော့မရှိဘူး၊ ကျုပ်တို့ မှာရှိတဲ့ရုပ်နာမ်မျိုး မရှိဘူး၊ ကျုပ်တို့မှာရှိတဲ့ ရုပ်နာမ်ကတော့ အနိစ္စ တွေကိုး . . . (မှန်ပါ့ဘုရား) အနိစ္စလမ်းဆုံးတော့ ကောင်းသေးရဲ့လား . . . (မကောင်းပါဘုရား)။

## နိဗ္ဗာန်သည်ရုပ်လား၊ နာမ်လား?

နိဗ္ဗာန်ဟာ ကျုပ်တို့မှာရှိတဲ့ ရုပ်နာမ်မျိုးတော့မဟုတ်ဘူး၊ သို့သော် ရုပ်လား၊ နာမ်လားလို့မေးရင်ဖြင့် နာမ်ဓမ္မလို့ဖြေ။

သဘောကျပလား . . . (တင်ပါ့ဘုရား)။ ရုပ်လားနာမ်လားလို့ မေးလို့ရှိရင် (နာမ်ဓမ္မပါဘုရား)၊ ကျုပ်တို့ရှိတဲ့ ရုပ်နာမ်မျိုးလား လို့ဆိုတော့လဲ ဒီလိုမဟုတ်ဘူး၊ ဥပါဒ်၊ ဌီ၊ ဘင် ရှိတဲ့နာမ် မဟုတ်ဘူး၊ သဘောကျပြီလား (မှန်ပါ့ဘုရား)။

နိဗ္ဗာန်သည် ရုပ်လား၊ နာမ်လားမေးရင် ဘယ်နှယ့် ဖြေမလဲ (နာမ်ဓမ္မပါဘုရား)၊ သို့သော်- ဖြစ်ပျက်ရှိသလား . . . (မရှိပါဘုရား) ဒါဖြင့် ဖြစ်ပျက်မရှိတဲ့ နာမ်ဓမ္မဆိုလို့ရှိရင် ဒီလိုမှတ်လိုက်။

နိဗ္ဗာန်ရောက်ကြောင်း အားထုတ်သောပုဂ္ဂိုလ်တို့၏ ကျက်စားရာဌာန၊

နိဗ္ဗာန်ရောက်ကြောင်းဓမ္မတို့၏ တည်ရာဌာန။

သူ့ဆီကိုလာပြီး၊ အကုန်ဦးတိုက်ကြရတယ်၊ သဘောကျ ပြီလား . . . (မှန်ပါ့ဘုရား) **ကျုပ်တို့ဆီမှာ ရှိတာက၊ အာရုံရှိရာ ပြေးတတ်တဲ့ နာမ်** . . . (မှန်ပါ့ဘုရား)။ **ဒီနိဗ္ဗာန်က၊** ငါ့ဆီလာ ညွတ်ကြဆိုတဲ့ **ညွတ်အပ်တဲ့နာမ်ဓမ္မ၊** ရှင်းပြီလား. . (တင်ပါ့ ဘုရား)

ဘယ့်နှယ်ဆိုကြမယ်. . (ညွတ်အပ်တဲ့နာမ်ဓမ္မပါဘုရား) ဒါဖြင့် နိဗ္ဗာန်အလိုရှိတဲ့ပုဂ္ဂိုလ်များဟာဖြင့် ရောက်အောင်သာအား ထုတ်လို့ရှိရင်ဖြင့် ကျုပ်တို့ခင်ဗျားတို့၏ နိဗ္ဗာန်ရောက်ကြောင်း

စိတ်တွေဟာ သူ့ဆီညွတ်နေတာ၊ သဘောကျပြီလား. . .(တင်ပါ့ဘုရား) သူ့ဆီဘာယုပ်နေသလဲ . . . (ညွတ်နေပါတယ်ဘုရား)။

အဲဒီလို သူ့ဆီညွတ်နေတော့၊ ခင်ဗျားတို့ ထမင်းအသက်၊ ခုနစ် ရက်ဆိုပေမယ့် နိရောဓသမာပတ်ဝင်စားတဲ့ ပုဂ္ဂိုလ်များ၊ ခုနစ်ရက်တိတိ ညွတ်နေနိုင်တယ်၊ (မှန်ပါ့ဘုရား) ဘယ်လောက်ကောင်းလို့တုံး ဆိုတာတော့ ပြောဘို့မလိုတော့ဘူး၊ လိုသေးလား . . . (မလိုပါဘုရား)၊ ဘယ်နှစ်ရက်တိတိ နိဗ္ဗာန်ကို ညွတ်နေသလဲ၊ (ခုနှစ်ရက်တိတိပါဘုရား)။

ဒါဖြင့် သမာပတ်ဝင်စားတဲ့ပုဂ္ဂိုလ်များ၊ မဂ်ပြီးဖိုလ်၊ နှစ်ကြိမ်သုံးကြိမ်လာပြီး နောက်ကို ပြန်ပြီး ပစ္စဝေက္ခဏာ ဆင်ချင်၍ ဖလသမာ ပတ်ဓိဋ္ဌာန်ပြီး ဝင်စားလိုက်အုံးမယ်ဆိုလို့ရှိရင်၊ နာရီပေါင်းများစွာပဲ ဝင်စားနိုင်ရဲ့လား. . . (ဝင်စားနိုင်ပါတယ်ဘုရား)

ဝင်စားနိုင်တယ်ဆိုတော့၊ နိဗ္ဗာန်နဲ့မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ဟာ တစ်ခါတည်း မခွဲပဲနေတာပဲ၊ . . . (မခွဲပါဘုရား)။ ချုပ်လိုက်၊ ဖိုလ် ဉာဏ်ပြန်တက်လိုက်၊ ချုပ်လိုက်- (ဖိုလ်ဉာဏ်ပြန်တက်လိုက်ပါဘုရား) ပြန်ဖြစ်တော့ ဒီနာမ်ဓမ္မနဲ့ပဲ ဒီနိဗ္ဗာန်တည်းဟူသော နာမ်ဓမ္မနဲ့တော့ ခွဲရဲ့လား. . . (မခွဲပါဘုရား)။

အဲဒီတော့ ဒါ. . သာမညပျော်စရာမို့ ပျော်တာလား၊ အထူးဝိသေသမို့၊ ပျော်ထိုက်လို့ နေနိုင်တာလား . . . (အထူးဝိသေသမို့ ပျော်ထိုက်လို့ နေနိုင်တာပါဘုရား)။

**ခိုင်မြဲနေတဲ့နာမ်ဓမ္မလို့ ဆုံးဖြတ်ချက်ချ**

နိဗ္ဗာန်သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် နိဗ္ဗာန်ရောက်ကြောင်း စိတ္တုပ္ပါဒ်တို့၏ ညွတ်ရာဌာနဖြစ်လေသောကြောင့်၊ ညွတ်အပ်တဲ့ သဘော ရှိနေသောကြောင့် နာမ်ဓမ္မလို့ ဆုံးဖြတ်ချက်ချ. . . (မှန်ပါ့ဘုရား)၊ ဦးဘကြည်ဘာတဲ့. . . (နာမ်ဓမ္မပါဘုရား)၊ ဘာပြုလို့ သူ့-နာမ်ခေါ်ရပါလိမ့် . . (ညွတ်အပ်တဲ့သဘောမို့ပါဘုရား) ညွတ်အပ်တဲ့ သဘောရှိသောကြောင့် ဒါလေးမှတ်ထား။

စာလိုသုံးတော့ ညွတ်အပ်တဲ့သဘောရှိသောကြောင့် ညွတ်အပ် တဲ့သဘောဆိုလို့ရှိရင်၊ လောကီ ဥပမာနဲ့ပြောပါမယ်။ ခင်ဗျားတို့ ဈေးချိုထိပ်မှာ နာရီစင်ကြီးရှိတယ် (မှန်ပါ့ဘုရား) ဘယ်က မောင်းလာတဲ့ရထားဖြစ်ဖြစ်၊ နာရီကိုတော့ကြည့်အုံးမှာပဲ . . (မှန်ပါ့ဘုရား) နာရီ ကြည့်အုံးမှာ။ အရှေ့က မောင်းလာတော့ကော နာရီကြည့်အုံးမှာပဲ၊ အနောက်ကမောင်းလာလဲ ကြည့်အုံးမှာပဲ၊ တောင်ကမောင်း လာလဲကြည့်အုံးမှာပဲ၊ အဲ မြောက်က မောင်းလာတော့ကော . . . (ကြည့်အုံးမှာပဲ) နာရီ ကြည့်ရအုံးမယ်ဆိုသလို မကြည့်ပဲနဲ့ မသွားနိုင် သလိုပေါ့ဗျာ . . (တင်ပါ့)။

အဲဒီတော့ ထိုအတူပဲမဂ်ဉာဏ်ဖိုလ်ဉာဏ်ရတဲ့ ပုဂ္ဂိုလ်တို့သည် ဘယ်နည်းနှင့်မှ မကြည့်ပဲ မနေနိုင်တဲ့နာမ်ဓမ္မဖြစ်ပါတယ် သဘောကျပြီလား (ကျပါပြီဘုရား)။

မဂ်ဉာဏ်ဖိုလ်ဉာဏ်ရသောပုဂ္ဂိုလ်တို့သည် မကြည့်ရှုပဲ မနေနိုင် တဲ့ နာရီစင်ကြီးသဖွယ် . . (မှန်ပါ့) "ခိုင်မြဲနေတဲ့နာမ် ခမ္ဗ" သဘော ကျကြပြီလား . . . (မှန်ပါ့) ဒါမလွယ်ဘူးနော် . . . ဦးချစ်ခ . . . (မှန်ပါ့)။

ကောင်းပြီ၊ ဒါဖြင့် ဒကာဒကာမတို့ ဒီနိဗ္ဗာန်သည်ကားလို့ ဆိုလို့ ရှိရင်ဖြင့် ဘယ်သူမှ မကြည့်ရှုပဲ (မနေနိုင်) ဘယ်နှစ်ရက် နေရနေရ၊ ရောင်ရဲတယ်လို့မရှိဘူး ဒီနေရာမှာ ကြည့်ရှုနေရတဲ့ အခါမှာ တော်ပြီ တန်ပြီလို့ ဘယ်တော့မှ မလာဘူး . . . (မှန်ပါ့) သဘောကျပြီလား . . (ကျပါပြီဘုရား)။

## နိဗ္ဗာန်သည် အကောင်းတကာ့အကောင်းဆုံး

နိဗ္ဗာန်သည်ကားလို့ဆိုရင် ကြည့်ရှုနေတဲ့ပုဂ္ဂိုလ်၏ နာမ် ခမ္ဗတွေဟာ တော်ပြီတန်ပြီလို့ ဘယ်တော့များ၊ ငြင်းဆန်သတုံး . . . (မငြင်းဆန်ပါဘူးဘုရား)။

ဘယ်တော့မှ မငြင်းဆန်တာ ထောက်လိုက်လို့ရှိရင်ဖြင့် အကောင်းတကာ့ အကောင်းဆုံးပဲလို့ဆိုတာ ဆုံးဖြတ်ချက်ချ (မှန်ပါ့) မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား)။

အကောင်းတကာ့အကောင်းဆုံးပဲဆိုတာ၊ ဒကာဒကာမ တွေ ဉာဏ်ထဲရောက်ပြီလား. . . (ရောက်ပါပြီဘုရား)၊ဘယ်နှယ် ကြောင့် ရောက်ပါလိမ့်မတုံးဆိုတော့၊ မသာစွဲ မရှိလို့. . . (မှန်ပါ့)၊

အရင်က ကြည့်နေတာ၊ မသာစွဲချည်းပဲ (မှန်ပါ့) မဆိုနိုင်ဘူး လား. . . (ဆိုနိုင်ပါတယ်ဘုရား)၊ ဖြစ်လိုက်၊ ပျက်လိုက်၊ ဖြစ်လိုက်၊ ပျက်လိုက် ဦးခင်မောင် . . . (တင်ပါ့)၊ မသာတွေမဟုတ်လား . . . (တင်ပါ့)။

အခု အဲဒါတွေမြင်ရသေးရဲ့လား. . . (မမြင်ရပါဘူး ဘုရား) အဲဒါတွေဟာဖြင့်၊ လူသတ်ပွဲလဲ မရှိ၊ မသာပွဲလဲမရှိ၊ ဒုက္ခ ရောက်တာဆိုတာ ဘာမှရှာမတွေ့ဘူး ဒီနေရာ အကောင်းဆုံး ပဲ. . . (မှန်ပါ့) သဘောကျပြီလား (ကျပါပြီဘုရား) ဒီနေရာ ဘာပါလိမ့်. . . (အကောင်းဆုံးပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်သည်ကားလို့ဆိုရင်၊ ဒကာဒကာမတို့ ကောင်းတော့ ကောင်းတာမှန်ပြီ၊ ဘယ်သူ ဘယ်လိုထောက် ကြည့်ရမတုံးဆိုတော့ အရိယာပုဂ္ဂိုလ်များသည်ကား ဆိုလို့ရှိရင် အချိန်ကို အလကားမထား၊ အားတယ်ဆိုရင် နိဗ္ဗာန်အာရုံပြု နေတာပဲ. . . (မှန်ပါ့)၊

အားတိုင်းအားတိုင်း ဘယ်လိုနေကြပါလိမ့်. . . (နိဗ္ဗာန် အာရုံ ပြုနေတယ်ဘုရား)၊ ဘာပြုလို့ ကိုယ်တော်ကြီးတွေကအား တိုင်းအားတိုင်း နိဗ္ဗာန်အာရုံပြုနေပါလိမ့်မတုံးဆိုရင် သက်သာရာ ရအောင်လို့ပေါ့ . . . (ပေါ်ပါပြီဘုရား)။

ဒါဖြင့် နိဗ္ဗာန်သည် သက်သာမှုကိုလဲ ပေးစေနိုင်တယ် ပေါ့ဗျာ (မှန်လှပါ) ရှင်းပြီလား. . . (ရှင်းပါပြီဘုရား) နိဗ္ဗာန်သည် ဘာကို ပေးစေနိုင်တုံး. . (သက်သာမှုကို ပေးစေနိုင်တယ် ဘုရား) သက်သာမှုကို ပေးစေနိုင်တယ်ဆိုတာ သူ-ကြည့်နေတဲ့ ပုဂ္ဂိုလ်ကို ချမ်းသာမျိုးစုံပေးတယ် . . . (မှန်ပါ့) သဘောကျပြီလား. . . (မှန်ပါ့) ။

နိဗ္ဗာန်သည်ကားလို့ဆိုရင်ဖြင့်၊ ချမ်းသာမျိုးစုံပေးနိုင်သောကြောင့် နိဗ္ဗာန်ကို ချမ်းသာလို့ ယူရလိမ့်မယ်၊ ရိပ်မိပြီလား . . . (တင်ပါ)။

ဒါဖြင့် နိဗ္ဗာန်သည် သုခလား၊ ဒုက္ခလား မေးတော့ ဘယ်နှယ့်ဖြေမလဲ (သုခပါဘုရား)။ အင်း. . . သူကတော့ သုခပဲ၊ သူ့ကို မှီနေတဲ့ ပုဂ္ဂိုလ်တွေကို ဘာပေးလေ့ရှိသလဲ (ချမ်းသာပေးလေ့ရှိပါတယ်ဘုရား) အင်း. . . ချမ်းသာပေးလေ့ရှိတယ်ဆိုသဖြင့် အင်း. . . နိဗ္ဗာန်ကလွဲလို့ ကျန်တာတွေကဖြင့် အားကိုးလိုက်တဲ့အခါတိုင်း၊ ဒုက္ခရောက်တာပဲ မဟုတ်လား (မှန်ပါ့)။

ငွေ အားကိုးလိုက်၊ ငွေကြောင့် ဒုက္ခရောက်တယ်၊ ရွှေ အားကိုး ပြန်ရော၊ ရွှေကြောင့် ဒုက္ခရောက်တယ်၊ စက်တွေ ဘာတွေ အားကိုးလိုက် ပြန်တော့လဲ ရှုပ်ပြန်ရော၊ ရှုပ်ပြန်တော့

ဒုက္ခမရောက်ဘူးလား . . . (ရောက်ပါတယ်ဘုရား) ရောက်တယ်. . .။

ဒီစက်တွေက ဟိုဟာတွေ ဒီဟာတွေဆွဲ၊ ဟိုကရှုပ်၊ ဒီကရှုပ် မလာဘူးလား၊ လာသလား (လာပါတယ်ဘုရား) ဒါဖြင့် ဒီပြင်ဟာတွေ ကတော့ဖြင့် အားကိုးတိုင်း အားကိုးတိုင်း၊ ဘာတွေ့ရလဲ. . . (ဒုက္ခတွေ့ရတယ်ဘုရား) ဒါဖြင့် နိဗ္ဗာန်ကို အားကိုးတိုင်း အားကိုးတိုင်း ဘာဖြစ်ရမလဲ. . . (ချမ်းသာရာ ရမယ်ဘုရား)။

ဒါဖြင့် နိဗ္ဗာန်သည်ကားလို့ဆိုရင်ဖြင့် ဒကာဒကာမတို့ . . .

**နိဗ္ဗာန်သည်ချမ်းသာခြင်းလက္ခဏာရှိတယ်။**

**နိဗ္ဗာန်သည် ငြိမ်းအေးခြင်းလက္ခဏာရှိတယ်။**

**နိဗ္ဗာန်သည် စိတ်နှလုံးကို ရွှင်ပြုံးစေခြင်းလက္ခဏာရှိတယ်။**

မဆိုနိုင်ဘူးလား၊ ဆိုနိုင်သလား. . . (ဆိုနိုင်ပါတယ်ဘုရား) ဒါဖြင့် နိဗ္ဗာန်ဆို တာရှိတာလား မရှိတာလား. . . (ရှိပါတယ်ဘုရား)။

ဒါဖြင့် အားလုံး ဒကာဒကာမတွေ စဉ်းစားစရာက နိဗ္ဗာန်သည် ဝိဝေကဌော၊ ကိလေသာနှောင့်ယှက်ခြင်းမှ ဆိတ်

ကင်းတဲ့ သဘောရှိတယ် (မှန်ပါ့) နိဗ္ဗာန်ဘယ် သဘောရှိသလဲ . . . (ကိလေသာနှောင့်ယှက်ခြင်းမှ ဆိတ်ကင်းတဲ့ သဘော ရှိပါတယ်ဘုရား) ကိလေသာ အရှိန်အစော်တွေဟာ အငွေ့လေး၊ သန်းသေးသလား. . . (မသန်းပါဘုရား)။

ဖြစ်ပျက်ရှိနေရင် ကိလေသာကြောင့် (မှန်ပါ့) မဟုတ်ဘူးလား. . . (မှန်ပါ့) အခုတော့ ကိလေသာရှိပါရဲ့လား. . . (မရှိပါဘုရား) မရှိတော့ နှောင့်ယှက်ခြင်းမှ ဆိတ်ကင်းတာ သည်ကားဘယ်သူက နှောင့်ယှက်သတုံး. . . (ကိလေသာကပါဘုရား)။

အဲဒီ. . . ကိလေသာ နှောင့်ယှက်တဲ့သဘောကို ကျုပ်တို့သည် တွေ့ရသေးသလား. . (မတွေ့ရတော့ပါဘုရား) အဲဒီမတွေ့ရတာ ဘာခေါ်ကြမလဲ (နိဗ္ဗာန်ပါဘုရား) ကိလေသာ အနှောင့်အယှက်ကင်းတာသည် နိဗ္ဗာန်ဆိုတာ ခင်ဗျားတို့ ကျေနပ်ဖို့ကောင်းတယ်. . . (ကျေနပ်ပါတယ်ဘုရား)။

နိဗ္ဗာန်ဟာ၊ ဘာအထည်နဲ့ တူသတုံး၊ နိဗ္ဗာန်ရောက်သော ပုဂ္ဂိုလ် ဘယ်လိုနေရထိုင်ရမှာလဲ၊ ဒကာဒကာမတွေက မေးချင်လဲ မေးလိမ့်မယ်။ မေးခွင့်လဲရှိတယ်. . (တင်ပါ့)။ သို့သော် အထည်ကို မေးလို့ရှိရင် အထည်အကြောင်းကို အရင်ဖြေရလိမ့်မယ် . . . (မှန်ပါ့)။

## နိဗ္ဗာန်သည်၊ အထည်ရှိသလား၊ မရှိဘူးလား?

နိဗ္ဗာန်ဟာ ဥပမာမယ် ကွမ်းသီးဟာ ငါးမူးသားလောက် ရှိတယ်ဆိုရင် ငါးမူးသားအထည်လေးရှိတယ်၊ မဆိုနိုင်ဘူးလား . . . (ဆိုနိုင်ပါတယ်ဘုရား) ငါးမူးသားအထည်လေး ဆိုလို့ရှိရင် ဖြင့် ဒီ-ကွမ်းသီးလုံး လောက်ဟာ၊ ဆွေးမြေ့တဲ့သဘော၊ အထည်ရှိ လာ/မလာ (လာပါတယ် ဘုရား) အထည်ရှိရင် ဆွေးမြေ့တဲ့ သဘော၊ အထည်ရှိတော့ ပျောက်ပျက်ရမယ်၊ ဖောက်ပြန်ရမယ်၊ ဆိုတဲ့သဘော၊ လွတ်ကင်းနိုင်ရဲ့လား. . . (မလွတ် ကင်းနိုင် ပါဘုရား)။

ဩော်. . . နိဗ္ဗာန်လဲ အထည်ရှိရင်ဘာဖြစ်မလဲ (ဖောက်ပြန်ရမယ်ဘုရား) ဆွေးမြေ့၊ ဖောက်ပြန်ပျက်စီးမယ်၊ သဘောကျရဲ့လား (ကျပါတယ်ဘုရား)၊ ဒါဖြင့် နိဗ္ဗာန်သည် အထည်ရှိပါရဲ့လား မရှိဘူးလား လို့မေးရင်၊ ဘယ်နှယ့်ဖြေကြမလဲ၊ (မရှိပါဘုရား) အထည်မရှိဘူး။

မထည်မရှိလို့ရှိရင်၊ ဘယ့်နှယ်နေရမှာတုံး၊ ဘယ်လိုများ ဖြစ်နေမှာတုံး. . . လို့ မေးခွန်းထုတ်ဖို့မလိုဘူးလား. . . (လိုပါ တယ်ဘုရား)။

အထည်ရှိရင် ပျက်မယ်ဆိုတာ ရှင်းပြီးပြီမဟုတ်လား

(မှန်ပါ့) အထည်ရှိတဲ့အခါဆိုရင်ဖြင့် လုံးရပ်သဏ္ဍာန်၊ ပုံဟန် နိမိတ်ကင်း ဆိတ်ရမှာကိုးဗျ၊ (တင်ဖါဘုရား) နိဗ္ဗာန်မှာ လုံးရပ် လဲမရှိဘူး သဏ္ဍာန်လဲမရှိဘူး ပုံဟန်နိမိတ်ကော. . . (မရှိပါ ဘုရား) သဘောကျပြီလား (ကျပါတယ်ဘုရား)။

ကောင်းပြီ၊ လုံးရပ်သဏ္ဍာန် ပုံဟန်နိမိတ်ရှိခဲ့ရင်၊ ဘာဖြစ် မယ်ထင်သတုံး၊ (ပျက်စီးရမှာ၊ ဖောက်ပြန်ရမှာပါဘုရား)။ ပျက်စီး ဖောက်ပြန်ရမယ်။ ဒါလွတ်နိုင်ပါ့မလား (မလွတ်နိုင်ပါဘုရား) မလွတ်နိုင်တော့ လုံးရပ်သဏ္ဍာန် ပုံဟန်နိမိတ်လဲ မရှိဘူး။ ရှင်းကြ ပြီလား (ရှင်းပါပြီဘုရား) ဒါဖြင့် ဆုံးဖြတ်ချက်ချ။

## အထည်မရှိရင် ဘယ်လိုများနေရမှာတုံး ?

လုံးရပ်သဏ္ဍာန်၊ ပုံဟန်နိမိတ်မရှိလို့ရှိရင်ဖြင့်၊ သိမှု ကလေးနဲ့ ချမ်းသာနေတာလား . . . မေးရလိမ့်မယ်၊ (မှန်ပါ့) နိဗ္ဗာန်မြင်ပြီး သကာလ၊ သိနေကြည့်နေရတာနဲ့ပဲ၊ ချမ်းသာ နေတာပါလားလို့ မေးစရာ မရှိဘူးလား (ရှိပါတယ်ဘုရား)။

သိမှုကလေးနဲ့ပဲ ချမ်းသာပြီးနေရမှာလားလို့ မေးရင်၊ ခန္ဓာရှိတုံး တော့ဟုတ်တယ်၊ ခန္ဓာရှိတုံးတော့ ဒီနေရာလေး ကြည့် နေရတာကို ဘယ်နှယ်ဖြစ်နေသလဲ (ချမ်းသာနေပါတယ်ဘုရား)။

ဘာပြုလို့ ချမ်းသာရသတုံးဆိုတော့၊ အအိုလဲ မရှိဘူး၊ အနာကော. . . (မရှိပါဘုရား) အသေကောမရှိဘူး၊ အကွဲကောမရှိဘူး သောကပရိဒေဝကော (မရှိပါဘုရား)။

အဲဒီဥစ္စာလေးကြည့်နေတော့ ဒီနေရာလေးဟာ တော်တော် ကောင်းတဲ့နေရာပဲ၊ အိုမှုနာမှုသေမှု၊ ကွဲမှုဆိုတဲ့ အမှုတွေ အကုန်လွတ်ငြိမ်းပြီး ရုပ်သိမ်းနေတဲ့နေရာပဲလို့ မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်ဘုရား) **ရဟန္တာပုဂ္ဂိုလ်များသည်၊ အဲဒီနေရာကို မြင်ထားကြရတယ်**၊ (မှန်ပါ့ဘုရား) ခင်ဗျားတို့ ဒီမဂ်ကို အားထုတ်ကြည့်လို့၊ ဒီမဂ်ရောက် တယ်ဆိုရင် မြင်ရမယ်။

ဒါဖြင့် မြင်ရလို့ရှိရင် ဩော် ဒီနေရာဟာ အတော်ထူးတဲ့နေရာပဲလို့ မဆိုပေဘူးလား ဆိုကြမလား (ဆိုကြမှာပါ ဘုရား) သုံးဆယ့်တစ်ဘုံ လိုက်ကြည့်လိုက်တော့ ဦးဘကြည် တစ်မျိုး . . . (မှန်ပါ့ဘုရား) တစ်မျိုး ဆိုတော့ ဒီနေရာအကောင်း ဆုံးပဲလို့၊ မဆိုနိုင်ဘူးလား ဆိုနိုင်သလား (ဆိုနိုင်ပါတယ်ဘုရား) ဒီနေရာ အကောင်းဆုံးပဲဆိုတာ သဘောကျပြီ မဟုတ်လား (တင်ပါ့ဘုရား)။

အဲဒီတော့ ကိလေသာ ချုပ်ငြိမ်းရုပ်သိမ်းတဲ့ ရဟန္တာဖြစ်ကြပြီ။ မဂ်လေးတန်၊ ဖိုလ်လေးတန် တန်းကနဲရကြပြီ။ သောတာ

ပန်ဖြစ်တော့၊ သောတာပန်နိဗ္ဗာန်ပေါ့ဗျာ။ ဒီလိုမြင်နေတဲ့ အခါကျလို့ရှိရင်ဖြင့် သောတာ ပန်ကလဲ ဒီနေရာအကောင်းဆုံး . . . (မှန်ပါ့ဘုရား)။ သကဒါဂါမ် ကကော. . . (ဒီနေရာ အကောင်းဆုံးပါဘုရား)။ အနာဂါမ်ကကော . . . (ဒီနေရာ အကောင်းဆုံးပါဘုရား)။ ရဟန္တာကကော . . . (ဒီနေရာ အကောင်းဆုံးပါဘုရား) ဘုရားကကော . . . (ဒီနေရာ အကောင်းဆုံးပါဘုရား)။

သူတို့ဘယ့်နှယ်ကြောင့် ဒီနေရာအကောင်းဆုံးရယ်လို့ ဆုံးဖြတ် ချက်ချကြပါလိမ့်မလဲလို့ ဦးဘတင် မေးခွန်းထုတ် တယ်နော် . . . (မှန်ပါ့)၊ ခုနကပြောခဲ့တဲ့ အိုမှု၊ နာမှု၊ သေမှု၊ မွဲမှု၊ ကွဲမှုတွေ လုံးဝရှာမတွေ့ဘူး . . . (မှန်ပါ့ဘုရား)၊ ရုပ်နာမ်တို့ ၏ ဖြစ်ပျက်မှုတွေ မရှိတော့ဘူး။

အဲဒီတော့ ဒီနေရာမှာ အလွန်အေးချမ်းတဲ့နေရာပဲ ဆို တာ မဂ်ဉာဏ်ရ၊ ဖိုလ်ဉာဏ်ရ၊ ပစ္စဝေက္ခဏာဉာဏ်ရတဲ့ ပုဂ္ဂိုလ် က မသိပေဘူးလား . . (သိပါတယ်ဘုရား) သိတယ်။

ဒါဖြင့် ကိုယ့်စိတ်ထဲမှာ စဉ်းစားကြည့်စမ်း။ အင်း ဒီနေရာ ဟာ ကျုပ်တို့ကမသွားဘူးလို့။ **"မသွားဖူးတဲ့၊ မစားဘူးတဲ့ ပုဂ္ဂိုလ်က မကြိုက် ဘူးပြောတာကို ကျုပ်တို့က အမှန်မယူနဲ့"** သဘောကျ

ပြီလား . . . (ကျပါတယ်ဘုရား)၊ မစားဖူးပဲနဲ့ မကြိုက်ဘူးပြောတဲ့ဟာ၊ အဓိပ္ပာယ် မရှိဘူး၊ ရှိကြရဲ့လား . . . (မရှိပါဘုရား)။ စားဘူးလို့ မကြိုက်ဘူး ဆိုရင်တော့ အဓိပ္ပာယ်ရှိတယ်။

အခု ကျုပ်တို့နိဗ္ဗာန်ကို ကျုပ်တို့ပုထုဇဉ်စိတ်နဲ့ မကြိုက်တဲ့ပုဂ္ဂိုလ်တွေဟာ မစားဖူးပဲနဲ့ မကြိုက်တာဖြစ်လေသောကြောင့် သူ့စကားကို အတည်မပြုနဲ့လို့ ကန့်ကွက်လိုက်တယ်။

ဘာမှမရှိတဲ့ဟာကြီးကို ကြိုက်ရမယ်ဆိုတဲ့ဥစ္စာ၊ တပည့်တော်တို့ မကြိုက်နိုင်ဘူးဆိုတာ ခင်ဗျားတို့ကိုယ်တိုင်လုပ်ပြီးတွေ့ရတာ မဟုတ်သေးဘူး၊ စားဖူးပြီး မကြိုက်တာ၊ မဟုတ်သေးဘူး . . . (မှန်ပါ့ဘုရား) မစားဖူးပဲနဲ့ ရမ်းပြီးမကြိုက်တာ ပြောသံကြားမကြိုက်တာ (မှန်ပါ့ဘုရား)။

အဲဒီမကြိုက်မျိုးနဲ့ ဆုံးဖြတ်ချက်ချလို့ တရားမှန်ဖြစ်ပါ့မလား . . . (မဖြစ်ပါဘုရား) မဖြစ်နိုင်တော့၊ အရိယာတစ်ယောက် မေးဘာ ပေါ့ . . . (တင်ပါ့ဘုရား) အရိယာတစ်ယောက်မေးလိုက်တော့၊ **အရိယာ ပုဂ္ဂိုလ်များ အားတဲ့အချိန် ဘာလုပ်တုံး** နိဗ္ဗာန်အာရုံပြုနေတယ်။

ဒကာဒကာမတို့ အရိယာပုဂ္ဂိုလ်များ အားလပ်ချိန်ရတော့ ဆွမ်းခံကိစ္စပြီးမ်း၊ ရေသောက်ဖို့ကိစ္စပြီးမ်းတဲ့အချိန် ဘာလုပ်

နေကြသလဲ . . . (နိဗ္ဗာန်အာရုံပြုနေကြပါတယ်ဘုရား)။

အင်း . . . ဒီတစ်နေ့ပဲလား၊ နက်ဖန်ကြတော့ ဒီကိုယ်တော်ကြီး ဘာတွေလုပ်အုံးမှာတုံးမေးတော့ . . . (နိဗ္ဗာန်အာရုံပြုနေမှာပါဘုရား)။ ဒါဖြင့် သူတို့စားကောင်းလို့ စားနေတယ် . . . (တင်ပါ့ဘုရား)။

နိဗ္ဗာန်ကိုစားကောင်းလို့စားတော့ သူတို့ကတော့ဖြင့် ကိုယ်တိုင် စားသောက်ရလို့ ကိုယ်တိုင်ကြိုက်နေပြီ၊ . . (မှန်ပါ့ဘုရား) နက်ဖြန်လဲဒါပဲ၊ သဘက်လဲဒါပဲဆိုတော့ သူ့လိုပုဂ္ဂိုလ်တွေထဲက၊ အရုပ်ဆိုးတစ်ယောက်များ ထွက်အုံးမလားဆိုတာ ခင်ဗျားတို့တစ်ခါ စဉ်းစားရမယ် . . . (မှန်ပါ့ဘုရား)။

ဒီလိုရောက်ပြီးမှ မကြိုက်ဘူးဆိုပြီး ပြန်လာတဲ့ပုဂ္ဂိုလ်များရှိ မရှိ . . (မရှိပါဘူးဘုရား) မရှိတော့ ဩော် . . ဒါဖြင့် အမြင်ကျယ်တဲ့ ပုဂ္ဂိုလ်၏ ကြိုက်ရာဌာန . . (မှန်ပါ့ဘုရား) ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)။

နိဗ္ဗာန်မကြိုက်တဲ့ပုဂ္ဂိုလ်က ဘာတုံး၊ အမြင်ကျဉ်းတဲ့ပုဂ္ဂိုလ်၏ ဖြစ်ရာဌာန၊ ကြိုက်ရာဌာန မဆိုထိုက်ဘူးလား . . . (ဆိုထိုက်ပါတယ်ဘုရား)၊ ကောင်းပြီ ဒါဖြင့် သူတို့ကို ထောက်သဖြင့် မကြိုက်သင့် ကြိုက်သင့် . . . (ကြိုက်သင့်ပါတယ်ဘုရား)။

ကျုပ်တို့အရေးကြုံတဲ့အခါ ဘုရားကိုးကွယ်ပါ၏။ တရားကိုးကွယ်ပါ၏ဆိုတော့ ဘုရားသည် ဘယ်ဟာမျိုးမဆို သူမှန်တာကိုသာ ကြိုက်တတ်တဲ့ပုဂ္ဂိုလ် မဆိုထိုက်ဘူးလား၊ (ဆို ထိုက်ပါတယ်ဘုရား) သူ ဘာအကြိုက်ဆုံးထားသတုံး . . . (နိဗ္ဗာန်အကြိုက်ဆုံး ထားပါတယ်ဘုရား)။

## နိဗ္ဗာန်သည်အမြတ်ဆုံး

အဲဒီတော့ နိဗ္ဗာန်ထက်မြတ်တဲ့တရား ရှိသေးသလား . . . (မရှိပါဘုရား)၊ ကောင်းပြီ ဒါဖြင့် နိဗ္ဗာန်အမြတ်ဆုံးလို့ ဘုရားသခင် ကိုယ်တော် မြတ်ကြီးက ထားတယ်၊ သဘောကျပြီလား . . . (ကျပါပြီဘုရား)။ တစ်ခါ ပုထုဇဉ်ဉာဏ်နဲ့ဆပြီး ကြိုက်ပြန်လို့ရှိရင်လဲ ဒုက္ခတော့ မရှိဘူးဆိုရင် တော်ပါရဲ့ ဒုက္ခမရှိဘူးဆိုရင် ဘယ့်နှယ်တုံး (ကြိုက်စရာပါဘုရား) ဒုက္ခမရှိဘူး ဆိုရင်ဖြင့် ကြိုက်ရတာပဲ . . . (မှန်ပါဘုရား)။

ဦးချစ်ခ၊ နိဗ္ဗာန်ဆိုရင် ဘာဒုက္ခတုံး မေးတော့ အလုံးစုံ ဒုက္ခမရှိဘူး ဘယ်လိုဆုံးဖြတ်ကြမလဲ . . . (ကြိုက်ရမယ်ဘုရား)၊ ကြိုက်ရမှာပဲ။ အဲဒီတော့ ပုထုဇဉ်က ဒီလောက်ပဲ ဆသိရင်လွယ်ပါတယ် . . . (မှန်ပါ့ဘုရား)။

အရိယာကတော့ ကိုယ်တိုင်သိ (မှန်ပါ့ဘုရား) ကျုပ်တို့က သုတသိ . . (မှန်ပါ့ဘုရား) ဟိုကတော့ ပစ္စက္ခသိ . . . (မှန်ပါ့ဘုရား) ကွဲသွားပြီလား . . . (ကွဲပါပြီဘုရား)၊ ပုထုဇဉ်က

ဘာတုံး. . . (သုတ-သိပါဘုရား) သုတသိ၊ ပြောသံကြားနဲ့ သိတယ်၊ (တင့်ပါ့ဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ကျုပ်တို့က လက်တွေ့မှ ယုံတယ် ဆိုရင်လဲ လုပ်ကြတာပေါ့ . . . (တင်ပါ့ဘုရား) ဒေါ်စိန်ရင်၊ ယောင်ချာချာတော့ လုပ်မနေနဲ့နော် . . ။

ဒကာဒကာမတွေ ကျုပ်တို့က ဘာဖြစ်ဖြစ် လက်တွေ့မှ ယုံတဲ့ ခေတ်၊ ပြောသံကြားခေတ် မဟုတ်ဘူးလို့ ဆိုလို့ရှိရင် အလုပ်လုပ်ကြည့်ပါ၊ ကိုထွန်းဦးရ . . . (မှန်ပါ့ဘုရား) ဦးလှ၊ ဘယ့်နှယ်တုံး (လုပ်ကြည့်ရမှာ ပါဘုရား)။

လုပ်ကြည့်တဲ့အခါကျလို့ရှိရင်ဖြင့် ခင်ဗျားတို့က တစ်ချိန်မှာ စကြဝတေး အလောင်းတွေမဖြစ်နိုင်ဘူးလား . . . (ဖြစ်နိုင်ပါတယ်ဘုရား) စကြမင်းကြီးဖြစ်ပြန်တော့လဲ စကြရထားကြီးနဲ့ လောကီစည်းစိမ် အကုန်ရမှာပဲ . . . (တင်ပါ့ဘုရား)။

သို့သော် စကြာမင်းကြီးသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ခုနဝိပဿနာဉာဏ်နဲ့ တက်ပြီးသွားတဲ့အခါကျတော့ စကြာရတနာနဲ့ လောကီ စည်းစိမ်ကြီးကို သတိရသေးရဲ့လား . . . (မရပါဘုရား)။

ဘာပြုလို့မရတုံး . . . (နိဗ္ဗာန်ရလို့ပါဘုရား) စကြာရတနာထက် ချမ်းသာနေတယ်၊ ရှင်းပြီလား . . . (ရှင်းပါပြီဘုရား)။

ယနေ့ ဒီတွင် တော်ကြဦးစို့။

သာဓု၊ သာဓု၊ သာဓု